# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၇)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၈ ရက် ၊ ၂၆-၁၂-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ ) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁၇၀ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၅ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့်လည်းကောင်း သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် (၆၃) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း (၃) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၃ သို့ ☆

### ယနေ့ ဖတ်စရာ အညွှန်း


**မြို့နှစ်မြို့ ချိတ်ဆက်ထားပြီး ဘူတာရုံပေါင်း ၁၃ ရုံပါဝင်သော ဘောက်ထိုး-ရင်ချမ်း အမြန်ရထားလမ်းပိုင်း စတင်ဖွင့်လှစ်** — စာမျက်နှာ ၈

**ဒီလန်လော်လာအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်** — စာမျက်နှာ ၁၁

**အိုဘယ့်ချင်းမိုင်(၁၆)** (ဆောင်းပါး) — စာမျက်နှာ ၁၇


## ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်လေ့လာကြမည်ဖြစ်ပြီး ယမန်နေ့ညပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ **မစ္စတာ အလက်ဇီ ဘာရှန်** ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။ (ယာပုံ) သတင်းစဉ်



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂၆ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် Electric Vehicle (EV) ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ ဆက်စပ်ဌာနများ၊ ပြည်သူတို့နှင့် ပြင်ပလုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီသော သင်တန်းကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကားဈေးကွက်သည် ၂၁ ရာစုနှစ်၌ အလျင်အမြန်ဆုံး ပြောင်းလဲမှုကို ကြုံတွေ့နေရကြောင်း၊ EV ခေတ်သို့ ပြောင်းလဲမှုများ၏ အဓိကမောင်းနှင်အားသည် နည်းပညာထိပ်ဆုံးနေရာအတွက် ပြိုင်ဆိုင်မှုနှင့် စီးပွားရေးဆွဲဆောင်မှုများကို တွေ့ရှိရကြောင်း၊ ယင်းသို့ ပြိုင်ဆိုင်မှု ပြင်းထန်ကာ မြန်ဆန်စွာ ဖွံ့ဖြိုးနေသော EV ခေတ်အတွင်း မိမိတို့နိုင်ငံတွင်လည်း EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာကြောင်း၊ သို့ဖြစ်ရာ ပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ အရည်အသွေးပြည့်မီသည့် EV များကို ဝယ်ယူသုံးစွဲနိုင်ရေးအတွက် EV ဆိုင်ရာပြဋ္ဌာန်းပြီး စံချိန်စံညွှန်းများကို သိရှိနားလည်ရန်အပြင် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်မှုရှိရန် လိုအပ်လာသဖြင့် သင်တန်းသားများသည် ပြည်သူတို့ အရည်အသွေးပြည့်မီသည့် EV များသုံးစွဲနိုင်စေရေးအတွက် အမှန်တကယ် စစ်ဆေးပေးနိုင်သည့် ကျွမ်းကျင်ပညာရှင်များဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ မဆုတ်မနစ် ကြိုးပမ်းသင်ယူလေ့ကျင့်ကြရန် လိုအပ်ကြောင်း။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပသည့် လျှပ်စစ်သုံးယာဉ် Electric Vehicle (EV) စစ်ဆေးခြင်းသင်တန်း (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနား၌ တိုက်တွန်းမှာကြားခဲ့သည်။

သင်တန်းနည်းပြတစ်ဦးက သင်တန်းဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်ပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်း ၁၈ ခုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးသည် EV အလုပ်ရုံအတွင်း လေ့လာလေ့ကျင့်နေမှုအခြေအနေများကို လှည့်လည်အားပေးကာ လိုအပ်သည်များ မှာကြားသည်။

သင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလ သုံးရက်အတွင်း တစ်ရက်လျှင် ၈ နာရီနှုန်းဖြင့် သင်တန်းချိန် ၂၄ နာရီ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

လျှပ်စစ်သုံးယာဉ် Electric Vehicle (EV) ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွက် ရေရှည်အကျိုးပြုမည့် EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများကို ပြည့်စုံအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မြန်ဆန်စွာ ဖွံ့ဖြိုးလျက်ရှိသော EV နည်းပညာ အရွေ့များအတိုင်း အမီလိုက်ပါနိုင်ရေး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ပုသိမ်ကြီးမြို့နယ်၊ ရွာသစ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သော ကျေးရွာခန်းမဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၅**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရွာသစ်ကျေးရွာ၌ ကျေးရွာခန်းမဆောင်သစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါခန်းမဆောင် မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျေးရွာခန်းမဆောင်သစ်ကို တက်ရောက်လာကြသော ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးခဲ့သည်။

ရေးဦးစွာ တိုင်းဒေသကြီး ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရွာသစ်ကျေးရွာခန်းမဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွာသစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရွာသစ်ကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၁ သန်းဖြင့် အလျား ၂၇ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၀ ပေ၊ ခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရွာသစ်ကျေးရွာခန်းမဆောင်သစ်ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။ **(အောင်ရဲကျော်)**

## ညောင်ပင်ဈေး၌ "ဒို့အတူတူ မဲပေးကြမယ်"အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၁၉လမ်း၊ ၈၃လမ်းနှင့် ၈၆လမ်းကြား၊ ညောင်ပင်ဈေးရှေ့၌ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်ဝေငှခြင်းကို ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ကြရာတွင် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့်ခရိုင်ကော်မတီဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စပယ်နှင့် ဝန်ထမ်းများပူးပေါင်း၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများ ပိုမိုပါဝင် မဲပေးနိုင်ရေးအတွက် ညောင်ပင်ဈေးသို့ လာကြသည့် ဈေးသူ၊ ဈေးသားများနှင့် လမ်းသွား လမ်းလာ မဲဆန္ဒရှင်ပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင် ၃၀၀ အား ဝေငှပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုနယ်မြေ(တာဝန်ခံ) ဦးမျိုးလှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ မဲရုံများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုမဲပေးရာတွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ မဲရုံတွင် လိုအပ်ချက်များမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



✰ ရှေ့ဖုံးမှ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပူးတွဲ

အပိုင်း ( ၃ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ ဗန်းမော် | |
| | | ၂။ မံစီ | |
| | | ၃။ မိုးမောက် | |
| | | ၄။ ဖားကန့် | |
| | | ၅။ ရွှေကူ | |
| ၂ | ကရင် | ၁။ ကော့ကရိတ် | |
| | | ၂။ ကြာအင်းဆိပ်ကြီး | |
| ၃ | စစ်ကိုင်း | ၁။ ကနီ | |
| | | ၂။ ဆားလင်းကြီး | |
| ၄ | တနင်္သာရီ | ၁။ လောင်းလုံး | |
| | | ၂။ သရက်ချောင်း | |
| | | ၃။ ပုလော | |
| ၅ | ပဲခူး | ၁။ ကျောက်ကြီး | |
| | | ၂။ ကျောက်တံခါး | |
| | | ၃။ ဖြူး | |
| | | ၄။ အုတ်တွင်း | |
| | | ၅။ သဲကုန်း | |
| | | ၆။ ဝေါ | |
| | | ၇။ ကြို့ပင်ကောက် | |
| | | ၈။ အုတ်ဖို | |
| ၆ | မန္တလေး | ၁။ မြစ်သား | |
| | | ၂။ ချမ်းမြသာစည် | |
| | | ၃။ မလှိုင် | |
| | | ၄။ တောင်သာ | |
| | | ၅။ မြင်းခြံ | |
| | | ၆။ ငါန်းဇွန် | |
| | | ၇။ သပိတ်ကျင်း | |
| | | ၈။ ပုသိမ်ကြီး | |
| ၇ | ရန်ကုန် | ၁။ ဒဂုံ | |
| | | ၂။ လမ်းမတော် | |
| | | ၃။ ဆိပ်ကြီး/ခနောင်တို | |
| | | ၄။ ဒလ | |
| | | ၅။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) | |
| | | ၆။ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | |
| | | ၇။ မင်္ဂလာတောင်ညွန့် | |
| | | ၈။ သာကေတ | |
| | | ၉။ မြောက်ဥက္ကလာပ | |
| | | ၁၀။ တာမွေ | |
| | | ၁၁။ ရန်ကင်း | |
| | | ၁၂။ ကျောက်တန်း | |
| | | ၁၃။ ခရမ်း | |
| | | ၁၄။ သုံးခွ | |
| | | ၁၅။ စမ်းချောင်း | |
| | | ၁၆။ လှိုင်သာယာ(အနောက်ပိုင်း) | |
| | | ၁၇။ လှိုင်သာယာ(အရှေ့ပိုင်း) | |
| ၈ | ရှမ်း | ၁။ မက်မန်း | |
| | | ၂။ ပင်လောင်း | |
| | | ၃။ ညောင်ရွှေ | |
| | | ၄။ ဖယ်ခုံ | |
| | | ၅။ မိုးနဲ | |
| | | ၆။ ကျေးသီး | |
| | | ၇။ မိုင်းရှူး | |
| | | ၈။ သီပေါ | |
| | | ၉။ ကျောက်မဲ | |
| ၉ | ဧရာဝတီ | ၁။ ရေကြည် | |
| | | ၂။ ငပုတော | |
| | | ၃။ ဒေးဒရဲ | |
| | | ၄။ ညောင်တုန်း | |
| | | ၅။ ဓနုဖြူ | |
| | | ၆။ အင်္ဂပူ | |
| | | ၇။ မော်လမြိုင်ကျွန်း | |
| | | ၈။ ဇလွန် | |
| | | ၉။ လေးမျက်နှာ | |

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ပြင်ဦးလွင်-ဂုတ်ထိပ်ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် RBE ရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်ကြားရှိ ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ပြင်ဦးလွင်- ဂုတ်ထိပ်ရထားလမ်းပိုင်း အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုရှိစေရေး၊ ဘူတာများသန့်ရှင်းသာယာလှပစေရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂုတ်ထိပ်တံတားထိပ်သို့ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ဖြစ်သည့် ဂုတ်ထိပ်တံတား၏ထောက်တိုင်အောက်ခြေများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားမှု၊ ပြင်ဦးလွင်-ဂုတ်ထိပ်-ကျောက်မဲ-သီပေါလမ်းပိုင်းအား တောချုံခုတ်ခြင်း၊ လမ်းပိုင်း ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် တံတားဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်သားဇလီဖားတုံးများအစား ပိုလီဖိုက်ဘာပလပ်စတစ်ဇလီဖားတုံးများဖြင့် လဲလှယ်တပ်ဆင်ရမည့်အခြေအနေ၊ သံလမ်းဆက် Bolt and Nut များ၊ သံလမ်းထိန်းကလစ်များအား နေ့စဉ်ကြံ့ခိုင်ရေးစစ်ဆေးရန်၊ တံတားကြံ့ခိုင်ရေးအတွက် မီးရထားဌာန လမ်းတံတားအင်ဂျင်နီယာများက သုံးလတစ်ကြိမ်စစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရန်များရှိက ချက်ချင်းပြင်ဆင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ခရီးသွားပြည်သူများ သဘာဝပတ်ဝန်းကျင်အလှအပများနှင့် ဂုတ်ထိပ်တံတားကို ရှုမြင်နိုင်သောရှုမျှော်ခင်းကြည့်နေရာသို့ သွားရောက်၍ လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူများ သဘာဝရှုခင်းများကို အဆင်ပြေစွာကြည့်ရှုနိုင်ရေး ရှုမျှော်ခင်းကြည့်နေရာကို စနစ်တကျဆောင်ရွက်ပေးရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄) လမ်းမကို (၈)လမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများ လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိရာ အမှတ်(၄) လမ်းမကို (၈) လမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို လမ်းမကြီးနှင့်လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဒညင်းကုန်းလမ်းဆုံ မီးရထားသံလမ်းအနီးရှိ ၆၆ ကေဗွီ လှော်ကား-ရွာမသံမဏိဓာတ်အား လိုင်းတိုင်များ ပြောင်းရွှေ့တည်ဆောက်နေမှု၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အနော်ရထာလမ်းမှ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်လမ်းအဝိုင်း အထိ ရောဝတီလမ်း တစ်လျှောက် ဆက်သွယ်ရေး ဖိုက်ဘာကေဘယ်လိုင်းများ ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု၊ အနော်ရထာ စက်မှုဇုန် ရောဝတီလမ်းမကြီး ပေါ်ရှိရှုပ်ထွေးဓာတ်အားလိုင်းကြိုးများ ရှင်းလင်းပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့် ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းအဟောင်း ပြန်လည်ဖြုတ်သိမ်းခြင်းမှ ဆယ်တင်ပစ္စည်းများကို စနစ်တကျစာရင်းပြုစုသိမ်းဆည်းထားရှိရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီလှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဓာတ်အားထိန်းညှိဖြန့်ဖြူးပေးထားမှုအခြေအနေ၊ လှိုင်သာယာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားလက်ခံပို့လွှတ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဓာတ်အားခွဲရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက်များနှင့် လှိုင်သာယာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသည် အများပြည်သူနှင့် လှိုင်သာယာစက်မှုဇုန်သို့ဓာတ်အား ပို့လွှတ် ဖြန့်ဖြူးပေးနေသည့် ဓာတ်အားခွဲရုံကြီး ဖြစ်ပြီး ဓာတ်အား စဉ်ဆက်မပြတ်ပို့လွှတ်ဖြန့်ဖြူးပေးနေသည့် အတွက် ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ်ပစ္စည်းများ ချို့ယွင်းမှုဖြစ်၍ ဓာတ်အားပြတ်တောက်ရခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ အစဉ်အမြဲကြံ့ခိုင်ကောင်းမွန်နေစေရန် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို စနစ်တကျ ပုံမှန်စစ်ဆေး ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေး ဓာတ်အားခွဲရုံ မြေနေရာလွတ်များတွင် သီးပင်၊ စားပင်များ စိုက်ပျိုးသွားရန်၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းပြုပြင် ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားရန်၊ ဝန်ထမ်းများ ငွေကြေးသုံးစွဲမှုကို ခြိုးခြံချွေတာသုံးစွဲသွားရန်၊ လျှပ်စစ်မီးနှင့် ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲသွားရန်၊ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး အပြည့်အဝမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် မိမိတို့ဒေသ၊ မိမိတို့မြို့နယ်၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်မဲပေးသွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ( MISIS )ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရုန် ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်မြို့ရှိမြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်နှင့် လုပ်ငန်းစဉ်များ၊ အနာဂတ်တွင် ပေါ်ပေါက်လာမည့်လွှတ်တော်နှင့် ဘယ်လာရုစ်လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဘယ်လာရုစ်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ လာရောက်တွေ့ဆုံမှုသည် MISIS နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှုကို ပိုမိုခိုင်မာစေပြီး အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုတစ်ရပ်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂

ရက်

သာ လိုတော့သည်။

## (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးများ လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၅

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စာမေးပွဲကျင်းပရာသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လာရောက် ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့အား ဖူးမြော်ကြည်ညို၍ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည် တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရ ဘိဝံသထံမှ ဩဝါဒခံယူကြပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ သင်္ကန်းစသော နဝကမ္မ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကာ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အာဂုံ ပြန်ဆိုတော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည့် စာပြန်သံဃာတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာစုစုပေါင်း ၅၂၆ ပါး ဝင်ရောက်ပြန်ဆို/ဖြေဆိုကြမည်ဖြစ်ကာ ယနေ့ တိပိဋကဓရ တိပိဋက ကောဝိဒ စာမေးပွဲတွင် အဘိဓမ္မာ (ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာသုံးပါး၊ ဒီဃနိကာယ် စာပြန်သံဃာတစ်ပါး၊ ဝိနည်း (ဒုတိယပိုင်း) စာပြန်သံဃာ ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း) စာပြန်သံဃာအပါး ၃၀ စုစုပေါင်း အပါး ၇၀တို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ ပြည်သူ့လူမှုရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒေသတွင်း NGO အဖွဲ့အစည်းများ လူမှုဘဝ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် မြန်မာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ နီပေါ (၆)နိုင်ငံမှ လူမှုရေး အသင်းအဖွဲ့များက ၂၀၂၅ ခုနှစ်အောက်တိုဘာ ၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ စတင်ဖွဲ့စည်းခဲ့သည့် "တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ ပြည်သူ့လူမှုရေး အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်အဖွဲ့ "(China South & Southeast Asian Civil Society Organizations Development and Exchange Cooperation Alliance) ၏ တတိယအကြိမ်မြောက် ကျင်းပသည့် အွန်လိုင်းအစည်းအဝေးကို မြန်မာနိုင်ငံရှိ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းက စီစဉ်လျက် ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။



အဆိုပါအစည်းအဝေးသို့ တရုတ်နိုင်ငံရှိ ကူမင်းယွမ်ဒီ လူမှုကူညီရေးစင်တာ (Cunming Yundi Behavior and Health Research Center)၊ Chinese Academy of Medical Sciences , Fuwai Yunnan Hospital၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ MalishaFoundation နှင့် ကမ္ဘောဒီးယား၊ လာအို၊ နီပေါနိုင်ငံတို့မှ NGO အသင်းများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရန်ကင်းကလေးဆေးရုံကြီး နှင့် ဝိသာခါ ဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖွဲ့စည်းထားသည့် လူမှုရေး အဖွဲ့အစည်းများက ဒေသတွင်း နိုင်ငံများအတွင်း ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်သွားရန် ရည်ရွယ်ဆွေးနွေးကြသည်။


နိုင်ငံအလိုက် အသင်းအဖွဲ့များက မိမိတို့အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်ကင်းကလေးဆေးရုံကြီးမှ ကလေးနှလုံးရောဂါကုသရေးလုပ်ငန်းများကို တရုတ်နိုင်ငံမှ Fuwai Yunnan Hospital နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းက မြန်မာ- တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဝိသာခါဖောင်ဒေးရှင်းမှ လူမှုရေးလုပ်ငန်းများဆောင်ရွက်ချက်များကိုလည်းကောင်း၊ တရုတ်နိုင်ငံ Chinese Academy of Medical Sciences , FuwaiYunnan Hospital ၏ Social Service Depertment မှ Dr. Gao(ဒေါက်တာကောင်း )က Case on Child Nutrition in Congenital Heart Disease Screening in Laos ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Malisha Foundation မှ ဒေါက်တာ မာရစ်ဖ်(Dr. Maruf) က Nutritional Practice Sharing for CHD in Bangladesh ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက အနာဂတ်တွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

# ဗဒုံမင်းမြို့တည်-အမရပူရရဲ့ (၆)မျိုးအမည်



၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က အင်အား ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် မန္တလေး၊ အမရပူရ၊ ပလိပ်၊ အင်းဝ၊ မိတ္ထီလာ၊ နေပြည်တော် စသည့် ဒေသတော်တော်များများက ရှေးဟောင်းအဆောက်အအုံများ၏ ၄၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်။ တစ်ချိန်က ရှေးဟောင်းအဆောက်အအုံများသည် ယနေ့တွင် မမြင်တွေ့နိုင်တော့ဘဲ အချို့မှာ အုတ်ပုံဖြစ်သွားခဲ့သည်။ အချို့က ထက်ဝက်ကျော် ပျက်စီးခဲ့သည်။

အဆိုးထဲက ကောင်းကွက်ကို ရှာဖွေလျှင် ပျက်စီးမှုများထဲမှ ရှေးဟောင်းလက်ရာများ ပေါ်ထွက်လာခဲ့ပြီး နှောင်းလူတို့အတွက် သမိုင်းကွင်းဆက်များ တွေ့ရှိခဲ့ကြသည်။ တိမ်မြုပ်နေသော ရှေးဟောင်းအနုပညာလက်ရာများနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာများကို လေ့လာသိရှိခွင့်ရခဲ့သည် မဟုတ်ပါလား။ မြန်မာမင်းတို့၏ ကုန်းဘောင်မင်းဆက်တွင် သာသနာရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး စည်ပင်ဝပြောခဲ့သည့် မြန်မာနှစ် ၁၁၄၄ ခုနှစ်က ဗဒုံမင်းတည်ခဲ့သည့် အမရပူရတွင် ရှေးဟောင်းသမိုင်းဝင်စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ၏ ထက်ဝက်ခန့်သည် ငလျင်ဒဏ်သင့်၍ ပျက်စီးခဲ့ရသည်။

## (၆)မည်ရ အမရပူရ

မြန်မာနိုင်ငံအတွင်းရှိ ရှေးရှေးသော မြို့များနှင့် အချို့သော မြို့များမှာ အမည်တစ်မျိုးတည်းမဟုတ်ဘဲ အနည်းဆုံး နှစ်မျိုးမှ ငါးမျိုးအထိ ရှိကြသည်။ မန္တလေးဆိုလျှင် 'ရတနာပုံ'၊ ရန်ကုန်ဆိုလျှင် 'ဒဂုန်' စသဖြင့် သမိုင်းအမည်များဖြင့် တည်ရှိခဲ့ပြီး ရွှေဘိုမြို့ဆိုလျှင် 'ငါးမည်ရ ပြည်ရွှေဘို'ဟု လူသိများသည်။ အလားတူဆိုရလျှင် အမရပူရမှာ အမည်ခြောက်မျိုးရှိသောမြို့ဟု ပြောနိုင်ကြောင်း အမရပူရမှ အသက် ၉၀ ကျော် အရွယ်ရှိ ဘဘ ဦးမြစိန်က ပြောသည်။

'မောင်ပညာ(အမရပူရ)လည်း ပါတယ်။ အမရပူရမှာ စာပေဟောပြောပွဲမှာ ရွှေဘိုက ငါးမည်ရအကြောင်း စာရေးဆရာ တစ်ယောက်က ပြောတယ်။ သူ့နာမည် မေ့နေတယ်။ သူက စာဆိုတော်ကြီး ဦးနု အကြောင်းပြောရင်း ရွှေဘိုမြို့ကို ငါးမည်ရတဲ့ ရတယ်ပေါ့။ ဒါနဲ့ ဘဘကလည်း ရွှေဘိုက ငါးမည်ပဲရတာ။ အမရပူရက ခြောက်မည်ရတယ်လို့ ပြောလိုက်တယ်။ အဲ့ဒီအကြောင်းရေးထားတာက မိုးကုတ်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအပိုင်း(၁)ထဲ ကြည့်လိုက်ပါ'ဟု ၎င်းက ပြောပါသည်။

အဆိုပါ အမည်ခြောက်ခုမှာ (၁)အမရမြို့၊ (၂)အမတမြို့၊ (၃)သတ္တာရွှေဝမြို့၊ (၄)ထီးပေါင်းခမြို့၊ (၅)တောင်မြို့၊ (၆)အမရပူရမြို့ဖြစ်ပြီး အမရပူရမင်းနေပြည်မှ မန္တလေး(ရတနာပုံ)မြို့ ပေါ်ပေါက်လာသောအခါ မန္တလေး၏တောင်ဘက်အရပ်၌ရှိသောကြောင့် 'တောင်မြို့' (မန္တလေးကို အမရပူရသားတို့က မြောက်မြို့)ဟု ခေါ်ဆိုခဲ့ကြသဖြင့် တောင်မြို့အမည်ထည့်သွင်းလျှင် ခြောက်မည်ရသည်ဟု သူ၏ယူဆချက်ကို ပြောပါသည်။ အမရပူရမြို့တည်ရာအရပ်သည် တောင်သမန်အင်း၏ မြောက်ပိုင်းတွင်ရှိရာ ထီးပေါင်းကားအရပ် နယ်နိမိတ်အတွင်း ဖြစ်သည်။

'နောင်မချို့ရန်-တောင်မြို့လို့ ခေါ်ပြန်လို့ဆိုပြီး နန်းတော်ရှေ့ဆရာတင်က သူ့သီချင်းထဲမှာ ရေးခဲ့တယ်။ ဒီတော့ အမရပူရက ခြောက်မည်ရတာပေါ့လို့ စကားအနေနဲ့ပြောပြခဲ့တာ။ မန္တလေးက မြောက်ဘက်အရပ်မှာရှိလို့ တောင်မြို့သားတွေက မန္တလေးကို မြောက်မြို့လို့ ခေါ်ကြတယ်။ မန္တလေးမြို့တည်ပြီး အမရပူရမှာနေတဲ့ သူတွေကို ပြောင်းရွှေ့ဖို့ ကနောင်မင်းသားက တာဝန်ယူလုပ်ခဲ့တယ်။ အမရပူရမှာရှိတဲ့ ရပ်ကွက်အမည်တွေ မန္တလေးမှာ ခုချိန်ထိရှိတယ်။ ဥပမာပြောရရင် အမရပူရက ပန်းဆိုးတန်း၊ အမြောက်တန်းဆိုတဲ့ ရပ်ကွက်တွေက မန္တလေးမှာလည်း ရှိတယ်'ဟု ဆက်လက်ရှင်းပြပါသည်။

## မြို့တည်သမိုင်း


ဗဒုံမင်း(ဘိုးတော်ဘုရား)သည် ခရစ်နှစ် ၁၇၈၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ မြန်မာနှစ် ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ညဉ့် ၁ ချက်တီးကျော် ကောင်းမြတ်သော မင်္ဂလာအချိန်တွင် ထီးပေါင်းကားအရပ်၌ အမရပူရမြို့တည်ရန် ချုံနွယ်များ ရှင်းလင်းသည်။ ထိုစဉ်က မြို့တော်၏လက်ယာဘက်တွင် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ လက်ဝဲဘက်တွင် ရွှေတချောင်းနှင့် တက်သိမ်းအင်း၊ အရှေ့ဘက်တွင် အောင်ပင်လယ်ကန်၊ ကျဝန်းဆည်၊ ဇောင်းကလောင်းကန်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်တို့ ဝန်းရံလျက်ရှိ၍ 'အင်းအိုင်ဝိုက်လည်-အမရတည်'ဟု တဘောင်လင်္ကာပေါ်ထွန်းခဲ့ကြောင်း အမရပူရမြို့နယ်မှတ်တမ်း ၁၉၈၂ တွင် ပါရှိသည်။

အမရပူရမြို့တွင် ရှိခဲ့သည်မှာ နှစ်ပေါင်း ၂၄၀ ကျော်ခဲ့ပြီဖြစ်ပြီး ဘာသာ၊ သာသနာထွန်းကား စည်ပင်ခဲ့ရာဖြစ်သကဲ့သို့ ယနေ့အထိ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများစွာ တွေ့မြင်ရပါမည်။ ရွှေဂူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား၊ မဟာသကျရံသီဘုရား၊ ဆင်ကြို့ရွှေကူဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစကားဘုရား၊ ရွှေလင်းပင်ဘုရား၊ သတ္တသုခ်ရွှေရင်းရဲဘုရား၊ သံသေကပ်ကျော်ဘုရား၊ နဂါးရုံဘုရား၊ ရတနာ့ဂူဘုရား၊ ဗောဓိသံတောင်ဘုရား၊ အောင်မြေရွှေဘုံဘုရား၊ လှိုင်းတက်ဘုရား၊ တောင်မင်းကြီးဘုရား စသည်ဖြင့် ရှေးဟောင်းဘုရားများကို ဖူးမြော်နိုင်ပါသည်။ သို့သော် ယနေ့တွင် ပြင်းထန်တဲ့ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပြီး ပြင်ဆင်မှုများ လုပ်ဆောင်နေကြသည်။

အမရပူရမြို့နယ်မှတ်တမ်းတွင် သမိုင်းဝင်တံတားငါးစင်းရှိသည်ဟု ဖော်ပြထားပြီး ဦးပိန်တံတား၊ စကြာဝင်တံတား (ယနေ့ ပျောက်ကွယ်သွားပြီး တိုင်လုံးနှစ်လုံးနှင့် အုတ်လှေကားများသာ ကျန်ရှိ)၊ တောင်ကြီး-ဟင်္သာတံတား၊ မြစ်ငယ်တံတား၊ အင်းဝတံတားဟု ဆိုပါသည်။ သို့သော် မြေပြင်လေ့လာချက်များအရ တံတားကိုးစင်းဟု ပြောဆိုမှုများရှိရာ ရှေးဟောင်းတံတားများစွာမှာ အကြွင်းအကျန်တစ်ပိုင်းတစ်စများနှင့် တွေ့ရသကဲ့သို့ ကွန်ကရစ်အုတ်တံတားအဖြစ် ပြောင်းလဲသွားသည်များလည်း ရှိသည်။ ထိုတံတားများမှာ ရှည်လျားခြင်းမရှိသောကြောင့် အမရပူရမြို့နယ်သမိုင်းတွင် ချန်လှပ်ခဲ့ဟန်တူပါသည်။

'လက်ပံစင်တံတား၊ ပန်းဘဲတံတား၊ ဘုံတော်တံတား(သာလေစွတံတား)၊ တံတားလယ် တံတားတွေကလည်း ရှေးကတည်းက ရှိခဲ့





တယ်။ ကျွန်းတိုင်တွေနဲ့ တည်ဆောက်ပုံက ဦးပိန်တံတားလိုပဲ။ အဲ့ဒီတံတားတွေက သိပ်မရှည်ဘူး။ ဖောင်ကြောင်းပါတဲ့ တံတားတွေလည်း ပါတယ်လို့ ရှေးလူကြီးတွေက ပြောခဲ့တယ်။ ဦးပိန်တံတားမှာ ဖောင်ကြောင်းကိုးခုရှိတယ်။ မင်းမိဖုရားတွေ ဖောင်တော်လှည့်လာတဲ့အခါ ဖောင်တော်ဖြတ်သွားဖို့ တံတားအခင်းတွေ ဖယ်လို့ရအောင် အရှင်လုပ်ထားတဲ့နေရာပါ'ဟု အမရပူရဒေသခံ အသက် ၆၃ နှစ်အရွယ်ရှိ ဦးလင်းက ပြောသည်။

ထို့ပြင် နန်းတော်အဆောက်အုံများထဲမှ နန်းမြင့်၊ ရွှေတိုက်၊ ဗဒုံမင်းအရိုးအိုးဂူ၊ မဲနယ်စက်ရုံအစိတ်အပိုင်းများအပြင် ဗားကရာကျောင်းတိုက်၊ သပြေတန်းခံတပ် စသည့် ရှေးဟောင်းအဆောက်အအုံများစွာနှင့် ဆောင်းဒါးရက်ကန်းကျောင်း၊ ဗာဂျီးနီးယားဆေးပေါင်းရုံ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျော်အောင်စံထားကျောင်းတိုက် စသည်ဖြင့် ထင်ရှားသော အဆောက်အအုံများလည်း ရှိပါသည်။

## အမရပူရတည်နေရာ

အမရပူရမြို့သည် မြေနိမ့်လွင်ပြင်တွင်ရှိပြီး မြို့အရှေ့ပိုင်းသည် အနောက်ပိုင်းထက် အနည်းငယ်ပို၍မြင့်သည်။ ချောင်းငယ်များလည်း ပေါများပြီး မြို့အရှေ့စွန်းနှင့် အနောက်စွန်းတွင် တောင်ပူစာများ ရှိသည်။ အနောက်ဘက်တွင် ဧရာဝတီမြစ်ရေလျှံချိန်တွင် မြို့စွန်နေရာများ၌ ရေဝင်ရေလျှံမှုများ ရှိသည်။ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့နယ်၊ တောင်ဘက်တွင် စစ်ကိုင်းမြို့၊ မြောက်ဘက်တွင် မန္တလေးမြို့၊ အနောက်ဘက်တွင် ဧရာဝတီမြစ်ရှိပြီး ဧရိယာမှာ ၈၅ ဒသမ ၈၈၃ စတုရန်းမိုင် (၉၄၉၆၅ ဧက)ရှိကြောင်း ၁၉၈၂ ခုနှစ် မှတ်တမ်းတွင် ပါရှိသည်။

ခရစ်နှစ် ၁၇၈၃ ခုနှစ်၊ မေ ၁၂ ရက်တွင် ရတနာပူရအင်းဝမြို့မှ အမရပူရသို့ ချီတော်မူ၍ စံတော်မူပြီး မေ ၁၇ ရက်တွင် သကြားရေစင်ခံယူကာ ရွှေနန်းတော်ကို လက်ယာရစ်လှည့်၍ နန်းတက်တော်မူသည်။ နန်းမြို့တော်ကို မြနန်းဘုံစံ၊ မြို့တော်ကို အမရပူရ(အမရ-သေခြင်းကင်းရာ၊ ပူရ-မြို့)ဟု မော်ကွန်းစိုက်ထူခဲ့သည်။

အမရပူရ၊ တောင်သမန်အင်းအနောက်ဘက်တွင် ကျောက်ခေတ်သစ်က အသုံးအဆောင်များဖြစ်သော အရိုးရှည်မြေအိုးများ၊ အခြေမပါသော မြေခွက်များ၊ ကျောက်လက်နက်များ အပါအဝင် လူသားအသုံးအဆောင်များ တွေ့ရှိခဲ့ရသည်။စတင်တွေ့ရှိခဲ့သူမှာ ဦးပညာဇောတ(ကိုပညာ-အမရပူရ)ဖြစ်၍ ၎င်း၏ အကြံပြုချက်အရ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ရှေးဟောင်းသုတေသနအဖွဲ့မှ လာရောက်တူးဖော်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ တောင်သမန်ဒေသတွင် တွေ့ရသော အရိုးလက်နက်၊ ကျောက်လက်နက်များနှင့်အတူ သံဓားငယ်၊ သံချိတ်စသည်တို့ကို တွေ့ရှိရာ ကျောက်ခေတ်သစ်၏ နောက်ပိုင်းကာလဟု သတ်မှတ်ကြောင်း သိရသည်။

ရှေးမြန်မာမင်း အများစုသည် မြို့တည်နန်းတည်ပြီး မြို့တည်၊ နန်းတည်မင်းအဖြစ် ခံယူလိုကြသည်။ ဘာသာ၊ သာသနာရေးနှင့် တိုင်းပြည်စည်ပင်ဝပြောရေးကို စွမ်းဆောင်ခဲ့ကြသည်။ ကျန်ရစ်သော သမိုင်းဝင်အဆောက်အအုံများကို လေ့လာခြင်းဖြင့် တစ်ခေတ်တစ်ခါက ယဉ်ကျေးမှုအမွေအနှစ်များ၏ အနုပညာလက်ရာများကို အစဉ်အဆက် တည်ရှိနိုင်ရေးထိန်းသိမ်းကြရမည်ဟု ဆိုချင်ပါတော့သည်။

ကိုးကား - အမရပူရမြို့နယ်မှတ်တမ်း ၁၉၈၂

ခိုင်ဆက်ဝေ

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

## စနစ်တကျဖြိုချဖျက်ဆီး

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ သုံးထပ်အဆောက်အအုံနှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုမှတ်တမ်း(၂၅-၁၂-၂၀၂၅)။

အနက် ၄၉၉ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၄၉ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK park နှင့်ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်စီးမှု



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်စီးမှု

# အမှီအခိုကင်းသည့် လက်နက်လုပ်ငန်းတည်ထောင်ရန် ဆယ်စုနှစ်အတွင်း ဒေါ်လာ ၁၁၀ ဘီလီယံ အစ္စရေးက ရင်းနှီးမြှုပ်နှံသွားမည်

ဂျေရုဆလင် ဒီဇင်ဘာ ၂၅

အမှီအခိုကင်းသည့် ပြည်တွင်းလက်နက်လုပ်ငန်းတည်ထောင်ရန်အတွက် အစ္စရေးနိုင်ငံက လာမည့် ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားမည်ဟု အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ပြည်တွင်း၌ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံတန်ဖိုးရှိ အမှီအခိုကင်းသည့် လက်နက်လုပ်ငန်းတည်ထောင်သွားရန် အတည်ပြုခဲ့သည်ဟု နေတန်ယာဟုက အစ္စရေးနိုင်ငံတောင်ပိုင်း ဟတ်ဇရမ် လေတပ်အခြေစိုက်စခန်းရှိ လေတပ်လေသူရဲများ ဘွဲ့ယူသည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။

မဟာမိတ်များအပါအဝင် ပြည်ပမှ လက်နက်ထောက်ပံ့သူများကို မှီခိုနေရသည့် အခြေအနေလျှော့ချရန် အစ္စရေး၏ကြိုးပမ်းမှု အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လက်နက်စနစ်သည် အနာဂတ်တိုက်ပွဲများတွင် အစ္စရေးနိုင်ငံအတွက် အခွင့်အရေးကောင်းများ အာမခံချက်ပေးနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



အစ္စရေးနိုင်ငံတောင်ပိုင်း ဟတ်ဇရမ် လေတပ်အခြေစိုက်စခန်းရှိ လေတပ် လေသူရဲများ ဘွဲ့ယူသည့်အခမ်းအနားတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ဒီဇင်ဘာ ၂၄ ရက်က မိန့်ခွန်းပြောကြားစဉ်။

အရှေ့အလယ်ပိုင်းဒေသ ရှေ့တန်းစစ်မျက်နှာပြင်များတွင် အစ္စရေးတို့ ဆက်လက်တိုက်ခိုက်နေစဉ် ယခုကဲ့သို့ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက နှစ်နှစ်ကြာ ထိုးစစ်ဆင်မှုများအတွင်း ဂျာမနီ၊ ဗြိတိန်၊ စပိန်နှင့်နယ်သာလန်တို့အပါအဝင် နိုင်ငံအများအပြားက အစ္စရေးနိုင်ငံအပေါ် လက်နက်တင်ပို့မှုကို ကန့်သတ်မှုများထားရှိခဲ့သည်။ ဆင်ဟွာ

## ကမ္ဘာတစ်ဝန်းလုံးမှ ကလေးများကို လက်ဆောင်များပေးရန် ဆန်တာကလော့စ် ဖင်လန်မှထွက်ခွာ

ဟယ်လ်ဆင်ကီ ဒီဇင်ဘာ ၂၅


ဆန်တာကလော့စ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများကို လက်ဆောင်များပေးရန် ဖင်လန်မှထွက်ခွာလာခဲ့သည်။ ၎င်း၏ခရီးစဉ်သည် မွေးရပ်မြေဖြစ်သော အာတိတ်စက်ဝိုင်းပေါ်တွင် တည်ရှိသည့် ဖင်လန်နိုင်ငံမှ စတင်ခဲ့သည်။

ဗီဒီယိုရုပ်သံဖိုင်တစ်ခုတွင် ဆန်တာကလော့စ်သည် ကမ္ဘာတစ်ဝန်းရှိ ကလေးများထံမှ ရရှိခဲ့သောစာများကို ဖတ်ပြခြင်းဖြင့် လက်ဆောင်များပေးရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ဆန်တာကလော့စ်သည် ၎င်း၏ နှစ်စဉ်ခရစ္စမတ်ခရီးစဉ်ကို သမင်များဆွဲသည့် စွတ်ဖားလှည်းကြီးစီးပြီး စတင်လိုက်ပြီဖြစ်သည်။

ယခုခရစ္စမတ်တွင် မိမိတို့အားလုံးမှတ်ထားရန်မှာ မိမိတို့တွင် ကမ္ဘာကြီးတစ်ခုတည်းရှိပြီး ခရစ္စမတ်သည် မိမိတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်အောင်ဆောင်ကြဉ်းပေးလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းစွာ အတူတကွနေထိုင်သွားကြရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့မှ လေကြောင်းကာကွယ်ရေးအရာရှိများက ဆန်တာ၏ခရီးစဉ်ကို မှတ်တမ်းတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## လော့စ်အိန်ဂျယ်လိစ်နှင့် ကာလီဖိုးနီးယားတောင်ပိုင်းဒေသ အများစုတွင် လျှပ်တစ်ပြက်ရေကြီးနိုင်မှု သတိပေးချက်များ ထုတ်ပြန်ထားသည်ဟု ဆို



**ဝါရှင်တန် ဒီဇင်ဘာ ၂၅** နှစ်အနည်းငယ်အတွင်း အဆိုးရွားဆုံး ခရစ္စမတ်မုန်တိုင်းများထဲမှ တစ်ခုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လူသေဆုံးနိုင်သည့် မြေပြိုမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်ရသဖြင့် လော့စ်အိန်ဂျယ်လိစ်နှင့် ကာလီဖိုးနီးယားတောင်ပိုင်းဒေသ အများစုတွင် ဒီဇင်ဘာ ၂၄ ရက်က လျှပ်တစ်ပြက်ရေကြီးနိုင်မှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဟာဝိုင်ယီကျွန်းစု၏ အပူပိုင်းဒေသများမှ စိုထိုင်းဆများကို အနောက်ဘက်ကမ်းရိုးတန်းသို့ သယ်ဆောင်လာသည့် လူသိများသော လေစီးကြောင်းကြောင့် ဖြစ်ပေါ်လာသည့် အဆိုပါမုန်တိုင်းသည် လာမည့်ရက်အနည်းငယ်အတွင်း လပေါင်းများစွာ ရွာသွန်းနိုင်သည့် မိုးရေချိန်ကို သယ်ဆောင်လာမည်ဟု မျှော်လင့်ရသည်။

ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆန်က လိုအပ်ပါက အရင်းအမြစ်များကို လျင်မြန်စွာ စုစည်းချထားပေးနိုင်ရန်အတွက် လော့စ်အိန်ဂျလိစ်အပါအဝင် ခရိုင်အများအပြားတွင် အရေးပေါ်အခြေအနေ ကြေညာထားသည်။

ယင်းပြည်နယ်တောင်ပိုင်းတွင် အသက်အန္တရာယ်စိုးရိမ်ရသည့် လျှပ်တစ်ပြက်ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဟု ဆိုသည်။

တောင်တန်းဒေသများတွင် ဆီးနှင်းများထူထပ်စွာကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများလည်း ရှိနေပြီး လူ့အသက်နှင့် ပိုင်ဆိုင်မှုများမှာ ကြီးမားသော ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ Mon

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့လယ်ဒေသ၌ ၂၀၂၇ ခုနှစ်မှ စတင်၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချဇုန် တည်ဆောက်မည်

**ဟန်နွိုင်း ဒီဇင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့လယ်ဒေသတွင် ၂၀၂၇ ခုနှစ်မှ စတင်၍ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးဇုန်ကို တည်တောင်မည်ဖြစ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် အစိမ်းရောင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြှင့်တင်ရေးဆောင်ရွက်ချက်ဖြစ်သည်။ ၎င်းဇုန်၏ နယ်နမိတ်ကို မြို့အတွင်းရှိ လူစည်ကားသောဒေသများအထိ သတ်မှတ်မည်ဖြစ်သည်။

၎င်းဇုန်အတွင်း ၂၀၂၈ ခုနှစ်မှစတင်၍ ဓာတ်ဆီနှင့် ဒီဇယ်သုံးမော်တော်ဆိုင်ကယ်များကို သွားလာလွှင့်ပိတ်ပင်မည်ဖြစ်သော်လည်း ယင်းပိတ်ပင်ချက်တွင် မသန့်စွမ်းသူများ စီးနင်းသည့် မော်တော်ဆိုင်ကယ်များ မပါဝင်ကြောင်း သိရသည်။ ယခုဆောင်ရွက်ချက်အရ လောင်စာမှ လျှပ်စစ်သုံးဆိုင်ကယ်အဖြစ် ပြောင်းလဲသူ ဆိုင်ကယ်တက္ကစီသမားများအား ယာဉ်တစ်စီးလျှင် ဒေါ်လာ၊သန်းပေးမည်ဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်။ လူဦးရေ ၁၄ သန်းကျော်ရှိသည့် ဟိုချီမင်းမြို့တွင် မှတ်ပုံတင်ထားသည့် ယာဉ် ၁၁ သန်းကျော်ရှိပြီး မြို့တွင်းသွားလာရေးကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ၊
ဘာသာပြန်-စိုးသူ

၀-၀-၀-၀-၀

STOP AIDS

## မြို့နှစ်မြို့ ချိတ်ဆက်ထားပြီး ဘူတာရုံပေါင်း ၁၃ ရုံပါဝင်သော ဘောက်ထိုး-ရင်ချွမ်း အမြန်ရထားလမ်းပိုင်း စတင်ဖွင့်လှစ်

**ပေကျင်း ဒီဇင်ဘာ ၂၅** ဘောက်ထိုး-ရင်ချွမ်းအမြန်ရထားလမ်းပိုင်း၏ ပထမဆုံးသော ရထားသည် နံနက် ၁၀ နာရီ ၈ မိနစ်တွင် ဘောက်ထိုးမြို့မှ စတင်ထွက်ခွာခဲ့ပြီးနောက် အဆိုပါလမ်းပိုင်းအား အင်္ဂါနေ့တွင် တရားဝင်အပြည့်အဝ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အရှည် ၅၁၉ ဒသမ ၃ ကီလိုမီတာရှိသော အဆိုပါ ရထားလမ်းသည် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဘောက်ထိုးမြို့နှင့် နင်ရှမြို့တော် ရင်ချွမ်းတို့ကို ချိတ်ဆက်ထားပြီး ဘူတာရုံပေါင်း ၁၃ ရုံပါဝင်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ နှုန်းဖြင့် မောင်းနှင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသော အဆိုပါရထားလမ်းကြောင့် မြို့နှစ်မြို့အကြား ခရီးသွားလာချိန်မှာ ယခင်က ၆ နာရီခန့် ကြာမြင့်ရာမှ ယခုအခါ ၂ နာရီ ၃၈ မိနစ်အထိ လျှော့နည်းသွားသည်။ ရင်ချွမ်းမြို့နှင့် နင်ရှဒေသရှိ ရှီကျုံရှန်းမြို့ ဟွီနွန်ခရိုင်အကြား ရထားလမ်းပိုင်းကိုမူ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့သည်။

အစပိုင်းတွင် အမြန်ရထား ၁၂ စီးကို နေ့စဉ်ပြေးဆွဲရန် စီစဉ်ထားပြီး ခရီးသွားလာမှု လိုအပ်ချက်များအပေါ် မူတည်၍ ဈေးနှုန်းလျှော့ပေးခြင်းနှင့် ဈေးကွက်အခြေပြု ဈေးနှုန်းသတ်မှတ်ချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်မီးရထားဟောဟော့အုပ်စု၏ ဝန်ဆောင်မှုဌာနညွှန်ကြားရေးမှူး ဟန်ကျန်းမင်က ပြောကြား သည်။

အဆိုပါ ရထားလမ်းသစ်ကြောင့် ခရီးသည်များအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများ ရရှိစေခဲ့ပြီး ရင်ချွမ်းမြို့သို့ သွားရောက်မည့် ဘောက်ထိုးမြို့ခံများအနေဖြင့် ယခင်က ညအိပ်ရထားဖြင့် သွားလာခဲ့ရသော်လည်း ယခုအခါ ရင်ချွမ်းမြို့သို့ ပိုမိုမြန်ဆန်လွယ်ကူစွာ သွားရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

Mon

## မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က မီးခိုးမြူငွေ့တွင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ဖုန်မှုန့်၊ အခိုးအငွေ့နှင့် အလွန်သေးငယ်သည့် အမှုန်၊ အမွှားများ၊ အခြားအငွေ့ပျံစေသည့်အရာများ ရောနှောပါဝင်ကြောင်း၊ လောင်စာလောင်ကျွမ်းခြင်း၊ စက်ရုံအလုပ်ရုံများမှ ထွက်ရှိသည့် အခိုးအငွေ့များ၊ အမှိုက်မီးလောင်ခြင်းဖြင့် မီးခိုးမြူငွေ့များဖြစ်ပေါ်လာခြင်း၊ ပြည်သူများအနေဖြင့် မီးခိုးမြူငွေ့ဖြစ်ပေါ်စေနိုင်သည့် အချက်များကို မပြုလုပ်မိစေရန် သတိပြုကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက ကိုးပင်မူလတန်းကြိုကျောင်းတွင် ကျင်းပခဲ့သည်။



အဆိုပါ ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းဝင်း၏ ဦးဆောင်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်မြတ်စိုးက မီးအခြေခံသဘောတရား၊ မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်သောအကြောင်းအရာများ၊ မီးဘေးအန္တရာယ်အကြောင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးဟောပြောခဲ့ပြီး ကိုးပင်မူလတန်းကြိုကျောင်းရှိ ဆရာ၊ ဆရာမများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ သားငယ်၊ သမီးငယ်များပူးပေါင်း၍ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများအား လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ ဒီဇင်ဘာ ၂၂ ရက်က ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီခွဲတွင် ဇေယျာသီရိမြို့နယ်၊ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သိုက်ချောင်းကျေးရွာ ရွာလယ်လမ်းမပေါ်၌ အဆိုပါကျေးရွာနေ ပိုင်မင်းသူ(၃၂)နှစ်ကို အရိုးအသွား ရှစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်၍ သွားလာနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ပိုင်မင်းသူအား ရွှေတွင်းကုန်း မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**လွိုင်လင် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၂၄၂ ဧကခန့်ကို ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ကျုနိမ့်ကျေးရွာ၏ အရှေ့ဘက် ၁ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်၊ အရှေ့ဘက် ၄ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်နှင့် အရှေ့တောင်ဘက် ၃ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်တို့ကိုလည်းကောင်း၊ အလားတူ နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က တောင်ပါခါး(ခ) မီလန်းကျေးရွာ၏ အနောက်ဘက် ၃ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၉ ဧကခန့်နှင့် မြောက်ပါခါး(ခ)မီလန်းကျေးရွာ၏ အရှေ့ဘက် ၂ ဖာလုံခန့် အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၃ ဧကခန့်တို့ကိုလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၁ နာရီအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ပြင်သာကျေးရွာ၏ အရှေ့ဘက် ၂ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၈ ဧကခန့်နှင့် အရှေ့တောင်ဘက် ၂ မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ခန့်တို့အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ မိနစ် ၅၀မှ မွန်းလွဲ ၃ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ နောင်စုံကျေးရွာ၏မြောက်ဘက် ၁ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်ကိုလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ် ၄၀အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ထီတလီးကျေးရွာ၏ အနောက်ဘက် ၆ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၇ ဧကခန့်ကိုလည်းကောင်း အသီးသီးဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ဒီဇင်ဘာ ၂၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၃၇ မိုင် ၀ ဖာလုံအနီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်ခြေထောက် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူမြို့မှ ဖြူးမြို့ဘက်သို့ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ အောင်အောင်ထွန်း(၄၃)နှစ် မောင်းနှင်လာသည့် ယာယီ/---- FA W အဖြူရောင် ၂၂ ဘီး မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်တိုင်ကို ဝင်ရောက်တိုက်ပြီး လမ်းဘေးတွင် 77,/----CANDA WA-VE-125 အနက်ရောင်ဆိုင်ကယ်ဖြင့် ဈေးရောင်းချနေသူ အုတ်တွင်းမြို့နယ်၊ သာဂရကျေးရွာနေ ဦးအေးမင်း(၅၇)နှစ်နှင့် ဈေးဝယ်နေသည့် ဘုရားနှစ်ဆူကျေးရွာနေ ဒေါ်နွဲ့ရီ(၄၆)နှစ်တို့နှစ်ဦးကို ထပ်မံတိုက်မိခဲ့သဖြင့် ဒေါ်နွဲ့ရီတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးအေးမင်းတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အောင်အောင်ထွန်းကို ညောင်ခြေထောက် နယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှမ်းချမ်းသာ။

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်)ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄)နှင့်(၈၆)ကြားတွင်အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်လုပ်မိုင်းကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လမ်းဘေး၌ ရပ်တန့်ထားသော YGN-18 1E/7972 NISSAN TIIDA LATIO မော်တော်ယာဉ်တွင် ဝဲ/ယာဘက် မှန်တံခါး လေးချပ်နှင့် ယာဘက်ခြမ်း တံခါးများတွင် မိုင်းပေါက်ကွဲစများ ထိမှန်ခဲ့ရာ တန်ဖိုးကျပ် ၁၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးသူများကိုဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် စုံစမ်းဖော်ထုတ်ခဲ့ရာ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက် စွယ်တော်လမ်း အမှတ်(၁၉၈)နေ ကြည်ကြည်ရွှေ (၃၇)နှစ် (ဘ) ဦးစိန်မြင့်နှင့် အခင်းဖြစ်ရပ်သို့ လိုက်ပါလာသည့် ၎င်း၏သားဖြစ်သူ မောင်လင်းလတ်ဟိန်း(ဘ) ဦးနိုင်လင်းတို့ နှစ်ဦးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗုံးဖောက်ခွဲရန် ခိုင်းစေသူ ကိုလင်း (ဖမ်းဆီးရန်ကျန်)မှ Kpay Account ဖြင့် ပေးအပ်သည့် ငွေကျပ် ၃၅၀၀၀၀ မှ သုံးစွဲပြီးကျန် ငွေကျပ် ၂၄၅၀၀၀၊ ဖုန်းအမှတ် ၀၉ - ၇၅၁၁၄၂၈၄၁ နှင့် ၀၉-၆၉၄၂၂၅၄၄၀ နံပါတ်ပါ itel P65 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ်က ကြည်ကြည်ရွှေ ဝတ်ဆင်ခဲ့သည့် ရှပ်အင်္ကျီလက်ရှည် တစ်ထည်၊ အနက်ရောင် လက်တိုတီရှပ်အင်္ကျီ တစ်ထည်၊ CONVERSE စာတမ်းပါ ခဲရောင်ဘောင်းဘီအရှည် တစ်ထည်၊ XAVIER DANAUD စာတမ်းပါ အနက်ရောင်အမျိုးသမီးကိုင်ဘေးလွယ်အိတ် တစ်လုံး၊ ပန်းရောင်ကွင်းထိုးဖိနပ် တစ်ရံ၊ ပြစ်မှုကျူးလွန်စဉ်က မောင်လင်းလတ်ဟိန်းဝတ်ဆင်ခဲ့သည့် တီရှပ်အင်္ကျီလက်တို တစ်ထည်၊ ဂျင်းဘောင်းဘီအရှည် တစ်ထည်၊ ကွင်းထိုး အပြာရောင်ဖိနပ် တစ်ရံတို့နှင့်အတူ ၎င်းတို့၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း(ပ)၉၄၃/၂၀၂၅၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ကြည်ကြည်ရွှေသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၄ အမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀) ကျခံနေသည့် ဒုတိယခင်ပွန်းဖြစ်သူ ဇော်လင်း(ခ)ဇော်ကြီးအား ထောင်ဝင်စာသွားရောက် တွေ့ဆုံစဉ် ဇော်လင်း(ခ) ဇော်ကြီး၏ ဆက်သွယ်ပေးမှုအရ ကိုလင်း (ဖမ်းဆီးရန်ကျန်)ထံ Telegram မှတစ်ဆင့် ဆက်သွယ်ခဲ့ရာ ကိုလင်း (ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်အရ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံသို့သွားရောက်ကာ မနွေ (ဖမ်းဆီးရန်ကျန်)ထံမှ လက်လုပ်ဗုံးပါအထုပ် တစ်ထုပ်အား ယူဆောင်ခဲ့ကြောင်း၊ အဆိုပါ လက်လုပ်ဗုံးအား မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်) ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄) နှင့် (၈၆) တိုက်နှစ်နှစ်လုံးကြားတွင် ချထားခဲ့ပြီး ကိုလင်း (ဖမ်းဆီးရန်ကျန်) ထံ Telegram မှတစ်ဆင့် ဆက်သွယ်ပြီးနောက် ဗုံးမှာ ပေါက်ကွဲသွားခဲ့ကြောင်း၊ ထို့နောက် Kpay Account ဖြင့် ၎င်းထံသို့ ငွေကျပ် ၃၅၀၀၀၀ အား သုံးကြိမ်ခွဲ၍ လွှဲပို့ပေးခဲ့ကြောင်း စစ်ဆေးသိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် ပူးပေါင်းပါဝင်သူ ဖမ်းဆီးရန်ကျန်တရားခံများကို ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**



မင်္ဂလာတောင်ညွန့် မြို့မရဲစခန်း(ပ) ၉၄၃/၂၀၂၅၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀(ဈ) အမှုမှ တရားခံ ကြည်ကြည်ရွှေ (၃၇)နှစ်၊ (ဘ)ဦးစိန်မြင့်နှင့်သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## ညောင်ရွှေမြို့နယ်၌ ရှုရှားနေကြာ စံပြစမ်းသပ်စိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

ညောင်ရွှေ ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ၌ ပင်မြင်စံငွေစုငွေချေး သမဝါယမအသင်းမှ မြေငါးဧကတွင် ရှုရှားနေကြာ (Makhaon) စံပြစမ်းသပ်စိုက်ပျိုးထားရှိသည်။

အဆိုပါ ဆောင်းနေကြာ ရှုရှားမျိုး (Makhaon) စံပြစိုက်ပျိုးခင်းကို သမဝါယမအသင်းသား တောင်သူနှစ်ဦးက စိုက်ပျိုးထားရှိရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ယနေ့ကွင်းဆင်းကြည့်ရှုသည်။ ထို့နောက် ဇီဝသဘာဝမြေဩဇာအိတ် ၂၀ နှင့် အာမိုကွန်ပေါင်းမြေဩဇာသုံးအိတ် ပံ့ပိုးပေးအပ်ခဲ့ပြီး သတ်မှတ်စံနှုန်းများအတိုင်း စနစ်တကျစိုက်ပျိုးကြရန်၊ မြေဩဇာ၊ ရွက်ဖျန်းအားဆေးနှင့် လိုအပ်သောသွင်းအားစုများ မပြတ်လပ်စေရေး မြို့နယ်သမဝါယမအသင်းစုနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညောင်ရွှေမြို့နယ်အနေဖြင့် ဆီနေကြာစိုက်ဧက ၁၇၀၀ လျာထားစိုက်ပျိုးလျက်ရှိပြီး ရေဆင်း (၁) စပ်မျိုး၊ ဆုရာကီရမ်နှင့် ရှုရှားနေကြာတို့အား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ်အနေဖြင့် ရွေးကောက်ပွဲတွင်ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး “ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲ လှုံ့ဆော်မှုများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ လှိုင်ရပ်ကွက်၊ ဈေးကြို ရပ်ကွက်၊ ဖေယျာသီရိရပ်ကွက်စသည့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်စဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Brisbane International တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၅ ရက်တွင် စတင်မည်



**လန်ဒန် ဒီဇင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံတွင် ကျင်းပမည်ဖြစ်သော 2026 Brisbane International တင်းနစ်ပြိုင်ပွဲ လာမည့် ဇန်နဝါရီ ၅ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Brisbane International တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ရက်မှ ၁၂ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Brisbane International တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမား၊တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Brisbane International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချက်တင်းနစ်ကစားသမား Jirí Lehecka နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဘရူနိုဖာနန်ဒက်စ် ပေါင်ခြံဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၅**


မန်ယူအသင်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ပေါင်ခြံဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းက အက်စတွန်ဗီလာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ယူအသင်း၏ ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၃၀၈ ပွဲကစားပြီး ၁၀၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ)**

**(NGB)**



## ယူရီဘာ့စ် အေဂျက်စ်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဒီဇင်ဘာ ၂၅**

နောက်ခံကစားသမား ယူရီဘာ့စ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အေဂျက်စ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ယူရီဘာ့စ်သည် အေဂျက်စ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

အေဂျက်စ်အသင်းထုတ်ပြန်ချက်တွင် "ယူရီဘာ့စ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## လူးကပ်စ်ဟိုယို့စ်အား အတ္တလန္တာယူနိုက်တက်အသင်း ခေါ်ယူ




**လန်ဒန် ဒီဇင်ဘာ ၂၅**

မေဂျာလိဂ်ကလပ် အတ္တလန္တာယူနိုက်တက်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဂိုးသမား လူးကပ်စ်ဟိုယို့စ်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် နယူးဝဲလ်စ်အိုးလ်ဘွိုင်းစ်၊ စိန့်မာတင် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် အတ္တလန္တာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဂိုးသမား လူးကပ်စ်ဟိုယို့စ်က "ကျွန်တော် အတ္တလန္တာယူနိုက်တက်အသင်းကို ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ဒီယိုဂိုကော်စတာ ပေါ်တိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဒီဇင်ဘာ ၂၅**

ပေါ်တိုအသင်းသည် အသင်းဂိုးသမား ဒီယိုဂိုကော်စတာအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ပေါ်တိုအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၉ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂိုးသမား ဒီယိုဂိုကော်စတာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**




## ဒီလန်လော်လာအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဒီဇင်ဘာ ၂၅**

ဘိုင်ယန်မြူးနစ်အသင်းသည် ကာဒစ်ဖ်အသင်း နောက်ခံကစားသမား ဒီလန်လော်လာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကာဒစ်ဖ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခုနစ်ပွဲကစားပြီး ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒီလန်လော်လာ ကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များ ရရှိရန်အတွက် အသင်းပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကာဒစ်ဖ်အသင်းထံမှ ဒီလန်လော်လာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။



**(ဝဲပုံ)**

**(NGB)**

0 - 0 - 0 - 0 - 0

## ရာဖင်ဟာအယ်ကန်တာရာ ဘောလုံးကစားသမားဘဝမှ အနားယူ

**ဘာစီလိုနာ ဒီဇင်ဘာ ၂၅**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း ရာဖင်ဟာအယ်ကန်တာရာ ဘောလုံးကစားသမားဘဝမှ အနားယူသွားခဲ့ပြီ ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ဆိုစီဒက်၊ အင်တာမီလန် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရာဖင်ဟာအယ်ကန်တာရာက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* အယ်လ်နာဆာအသင်းအနေဖြင့် ယခုနှစ် ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရရှိပါက တိုက်စစ်မှူး စီရော်နယ်လ်ဒိုအား အပိုဆုကြေး စတာလင်ပေါင် ရှစ်သန်း ပေးချေသွားရမည်ဖြစ်သည်။

* ချဲလ်ဆီး၊ အာဆင်နယ်၊ နယူးကာဆယ်အသင်းတို့သည် မာဆေးလ်အသင်း ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ဒါရယ်လ်ဘာကိုလာအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၇-၁၂-၂၀၂၅ နံနက်၀၂း၃၀နာရီ | (၇)မန်ယူ - နယူးကာဆယ်(၁၁) (L,D,W,L) (W,W,W,W) | မန်ယူ ၀-၂ နယူးကာဆယ် | မန်ယူ(အိမ်) | ၈ | ၄ | ၂ | ၂ | ၁၆ | ၁၂ |
| | | နယူးကာဆယ် ၄-၁ မန်ယူ | နယူးကာဆယ်(ဧည့်) | ၈ | ၁ | ၃ | ၄ | ၇ | ၁၀ |

### အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၆-၁၂-၂၀၂၅ သောကြာနေ့ | ည၇း၀၀နာရီ | A | အန်ဂိုလာ - ဇင်ဘာဘွေ | အန်ဂိုလာ ၂-၀ ဇင်ဘာဘွေ |
| ။ | ည၉း၃၀နာရီ | B | အီဂျစ် - တောင်အာဖရိက | အီဂျစ် ၁-၃ တောင်အာဖရိက |
| ၂၇-၁၂-၂၀၂၅ စနေနေ့ | နံနက်၀၀း၀၀နာရီ | B | ဇမ်ဘီယာ - ကိုမိုရို့စ် | ဇမ်ဘီယာ ၀-၁ ကိုမိုရို့စ် |
| ။ | နံနက်၀၂း၃၀နာရီ | A | မော်ရိုကို - မာလီ | မာလီ ၀-၂ မော်ရိုကို |

# ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာအုပ်စု၊ ငကွလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ''ရာဇအောင်မြေစေတီတော်မြတ်ကြီး''အား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာအုပ်စု၊ ငကွလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ''ရာဇအောင်မြေစေတီတော်မြတ်ကြီး'' အား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။ အခမ်းအနားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့၊ ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြု၍ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ မြို့မိမြို့ဖများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ''နမောတဿ'' သုံးကြိမ် ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကာ အခမ်းအနားမှူးက ''သမန္တာ'' အစချီ နတ်ဖိတ်အမွှန်းဖြင့် နတ်ဗြဟ္မာများ ပင့်ဖိတ်ခြင်းအား ဆောင်ရွက်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့၊ ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ပြီး သံဃာတော် အရှင်သူမြတ်များ ချီးမြှင့်တော်မူကြသည့် ပရိတ်တော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်ကာ စေတီတော်ရင်ပြင်အား ပက်ဖျန်း၊ ချည်နှောင်ကြသည်။ ယင်းနောက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့၊ ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့၊ ဝိဘဇ္ဇဝါဒီကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိလာသာဘိဝံသနှင့် ဆရာတော်ကြီးများထံ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ပြင်ဦးလွင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဆက်ကပ် လှူဒါန်းကြပြီး နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့၊ ဝိဘဇ္ဇဝါဒီကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိလာသာဘိဝံသထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပင့်



ဆောင်ပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအချိန်တော်၌ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွဋ်သို့ ပင့်ဆောင်ကာ တင်လှူပူဇော်ကြပြီးဆရာတော် သံဃာတော်များက ''ဇယန္တော ဗောဓိယာမူလေ'' အစချီသော ဂါထာအား ''သုံးကြိမ်'' ရွတ်ဖတ်ပူဇော်ကြပြီး မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့် တင်လှူပူဇော် အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည်။

ဆက်လက်၍ ဥပသကာများက ဆရာတော်သံဃာတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မည့်နေရာသို့ ပင့်ဆောင်၍ ဆရာတော် အရှင်သူမြတ်များထံ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်များကို ဆက်ကပ်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဆရာတော်သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူကြသည်။ ယင်းနောက် ဥပသကာများက ဆရာတော် သံဃာတော်များထံမှ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်များကို ပြန်လည်သိမ်းဆည်းပြီး အခမ်းအနားမှူးက နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။ ၎င်းနောက် ''ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'' သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားပြီးမြောက် အောင်မြင်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကြွရောက်လာသော ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ (၀၃၈)

# ဆေးကုသရေးအဖွဲ့က အလည်ရွာကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အလည်ရွာကျေးရွာ၌ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က အလည်ရွာ တိုက်နယ်ဆေးရုံသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှရရှိစေရန် ရည်ရွယ်၍ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမင်းသိန်း ဦးဆောင်၍ ဘာသာရပ်အလိုက် အထူးကု ဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် အလည်ရွာတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် အလည်ရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ လာရောက်ပြသရာအထွေထွေရောဂါလူနာ ၇၅ ဦး၊ ခွဲစိတ်ရောဂါလူနာ ၁၄ ဦး၊ အရိုးရောဂါလူနာ ၆၇ ဦး၊ သား ဖွားမီးယပ်ရောဂါလူနာ ၁၁ ဦး၊ ကလေးရောဂါလူနာ ၁၃ ဦး၊ မျက်စိရောဂါလူနာ ၆၈ ဦး၊ အကြောအဆစ်ရောဂါလူနာ ၃၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၈ ဦးတို့အား ကုသပေးနိုင်ခဲ့ပြီး လွှဲပြောင်းလူနာလေးဦးအား မိတ္ထီလာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့ ဒေသခံပြည်သူများအား ဆေးကုသရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းဆေးကုသမှုများအား ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ပြီး အလည်ရွာတိုက်နယ်ဆေးရုံတွင် ကလေးမီးဖွားပြီးစကလေးမိခင်နှစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၉)



# ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၁၇၂၈ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၅၂၃၃ ဧက၊ စွန်တာပြာ ၂၁၃၅ ဧက၊ ပဲရာဇာ ၄၅၃ ဧက၊ စုစုပေါင်း ၁၉၈၀၈ ဧကဖြစ်သည်။

'ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၉၇၉၃ ဧက လျာထားပြီး ၁၉၈၀၈ ဧက (၁၀၀ ဒသမ ၀၇)ရာခိုင်နှုန်းစိုက်ပျိုးထားပါတယ်။ ပဲမျိုးစုံကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပြီး တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၄၈၀)

# ရဲမွန်တောင်ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ အများပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မဟာအောင်မြေမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက 'လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ကြစို့' ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသူများနှင့် မှတ်ပုံတင်မကိုင်ဆောင်ဘူးသူများအား ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် တိုက်နယ်မှူး ဦးဝင်းခန့်ကျော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ သက်ဆိုင်ရာ ရပ်ကွက်စာရေးများက ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၅၆)



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြီးမြတ်သောပုဂံအဖွဲ့က သန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီများ အနီးဝန်းကျင်နှင့် ဘုရားများပေါ်တွင် ပေါက်ရောက်နေသည့် သစ်ပင်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ကြီးမြတ်သော ပုဂံအဖွဲ့သားများက ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ရောင်တော်ဖွင့် သန့်ရှင်းရေး ပြုလုပ်ခြင်းကို ဦးမျိုးဆက်စံ ဦးဆောင်သော ရောင်တော်ဖွင့် သန့်ရှင်းရေးအဖွဲ့သားများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ မင်းနန်သူကျေးရွာအနီးရှိ ဘုရားအမှတ်(၆၈၀)၊ မိဖုရားဖွားစော တည်ထားကိုးကွယ်ခဲ့သည့် မင်းဝိုင်းဘုရား ပတ်ဝန်းကျင်ရှိ ပေါင်းမြက်ချုံနွယ်များ၊ ဘုရားပေါ်တွင် ပေါက်ရောက်နေသည့် သစ်ပင်များ၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် လိုဏ်မုခ်များအတွင်းရှိ ဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်း၊ ဖုန်များ၊ ငှက်ချေးများ ရှင်းလင်းခြင်း၊ ကန္တာရပင်များခုတ်ခြင်း၊ အမြစ်ငုတ်တူးခြင်းများအား ကြီးမြတ်သော ပုဂံရောင်တော်ဖွင့် သန့်ရှင်းရေးကုသိုလ် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**

## ဆန်အကြောင်း သိကောင်းစရာပြပွဲ ၂၀၂၅ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မျိုးဆက်သစ် စားသုံးသူများအတွက် ဆန်အမျိုးအစားများ၊ ဈေးနှုန်းများ၊ အရည်အသွေးများစသည့် ဆန်အကြောင်းသိကောင်းစရာများကို အသိပညာမျှဝေပေးခြင်း အစီအစဉ်နှင့် ဆန်အကြောင်းနားလည်သော ခေတ်မီအိမ်ရှင်များအား လက်ဆင့်ကမ်းပညာပေးသူများအဖြစ် ခန့်အပ်ခြင်း အစီအစဉ်ကို ရန်ကုန်မြို့ Melia ဟိုတယ်တွင် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ထိုအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အသင်းဝင်ဆန်အရောင်းဆိုင်လုပ်ငန်းများ၊ ဆန်စပါးကုမ္ပဏီများနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

"အဓိကပညာပေးချင်တာက ထုတ်ကုန်ရဲ့အရည်အသွေးရယ်၊ ဈေးနှုန်းရယ်၊ အမျိုးအစားများရယ်၊ အရသာရယ် ဒါတွေကို ပညာပေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက မျိုးကွဲတွေ အများကြီးရှိတဲ့ မြန်မာနိုင်ငံ ဒေသအသီးသီးအလိုက်မှာ ဧရာဝတီတိုင်းကထွက်တဲ့ ပေါ်ဆန်းမွှေး၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်ကထွက်တဲ့ ရွှေဘိုပေါ်ဆန်း၊ မြန်မာနိုင်ငံအလယ်ပိုင်းမှာထွက်တဲ့ ပေါ်ဆန်း၊ နေပြည်တော်ကောင်စီ နယ်မြေမှာလည်း ပေါ်ဆန်းစိုက်တာ ရှိပါတယ်။ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန် ဝယ်ယူနိုင်တဲ့ အရည်အသွေးမျိုးဖြစ်အောင် အသိပညာပေးတဲ့ အနေအထားဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေက အမြဲတမ်းလုပ်နေရမှာဖြစ်တဲ့အတွက် လူမှုကွန်ရက်စာမျက်နှာတွေ အွန်လိုင်းကနေတစ်ဆင့် မှန်ကန်တဲ့သတင်းအချက်အလက်တွေပေးခြင်းအားဖြင့် တောင်သူတွေလည်း အကျိုးရှိတယ်၊ စားသုံးသူလည်းအကျိုးရှိတယ်၊ ဈေးကွက်ထဲမှာ ပါဝင်တဲ့သူတွေအတွက်လည်း မှန်ကန်တဲ့သတင်းအချက်အလက်တွေ ရရှိတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆန်သည် မြန်မာနိုင်ငံ၏ အစားအစာစနစ်တွင် နေ့စဉ်အခြေခံလိုအပ်ချက်ဖြစ်နေပြီး မြန်မာပြည်သူလူထုအတွက် အရေးပါသော စားသောက်ကုန်တစ်မျိုးဖြစ်သည်။

ပြပွဲ၏အဓိကရည်ရွယ်ချက်မှာ ဝယ်သူ၊ စားသုံးသူများအနေဖြင့် ဆန်အကြောင်းသိကောင်းစရာများအပေါ် ပိုမိုသိရှိနားလည်သဘောပေါက်ပြီး ရွေးချယ်ဝယ်ယူသုံးစွဲနိုင်စေရန်၊ စားသုံးသူ အိမ်ရှင်မများ ဆန်ဝယ်ယူရာတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စေရေး အထောက်အကူပြုနိုင်ရန်၊ အရည်အသွေးအမှတ်တံဆိပ်နှင့် ဈေးနှုန်းဆိုင်ရာပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် စားသုံးသူများ ပိုမိုသိရှိနားလည်လာသည်နှင့်အမျှ ထုတ်လုပ်ရောင်းချသူများအနေဖြင့် အရည်အသွေးစံချိန်စံညွှန်းများနှင့် ဈေးနှုန်းများသင့်တင့်မျှတရန် လိုအပ်ချက်အပေါ် ပိုမိုအလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဆန်ဈေးကွက်တွင် ဈေးကွက်၏ အရည်အသွေးထိန်းကျောင်းမှုစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရန် ကျင့်ဝတ်နှင့်မညီသော ရောင်းချမှုများ ပပျောက်စေရန်တို့ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀-၀

## နှစ်ကုန်ပိတ်ရက်များကြောင့် ပဲ၊ နှမ်းဈေးကွက် ဈေးမြင့်တက်ခြင်းမရှိသော်လည်း ငွေလက်ငင်းပေးချေမှုဖြင့်သာ အရောင်းအဝယ်ရှိနေ

နှစ်ကုန်ပိုင်း ပိတ်ရက်များကြောင့် ပဲ၊နှမ်းဈေးကွက်တွင် ပို့ကုန် ပဲများ ဈေးမြင့်တက်ခြင်း မရှိသော်လည်း ငွေလက်ငင်းပေးမှုဖြင့်သာ အရောင်းအဝယ်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

ဒီဇင်ဘာနှစ်ကုန်ပိတ်ရက်များအတွင်း ပဲ၊နှမ်းဈေးကွက်မှာ ဈေးမြင့်တက်နိုင်ခြင်းမရှိဘဲ ငွေလက်ငင်းရောင်းဝယ်မှုသာ အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်သည်။

နှစ်ကုန်ပိုင်း ဘဏ်ပိတ်ရက်များကြောင့် ဈေးကွက်အတွင်း ပို့ကုန်ပဲများ ဈေးမြင့်တက်နိုင်ခြင်းမရှိဘဲ အရောင်းအဝယ်ပုံမှန်သာရှိနေကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးအနည်းငယ် ပြန်လည်ကျဆင်းသလို အသစ်ဝင် ပဲသစ်များဖြစ်သည့် ပဲလွန်းပြာနှင့် ပဲထောပတ်တို့မှာ သုံးတင်း တစ်အိတ်လျှင် ငွေကျပ် သုံးသိန်း အောက်ခံဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲကုန်သည် ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဒီဇင်ဘာ လကုန်ပိုင်း ပိတ်ရက်တွေများတော့ ဘဏ်ပိတ်ရက်တွေများပါတယ်။ ဒီတော့ ပဲ၊နှမ်းဈေးကွက်မှာ ငွေပေးငွေချေ ကြန့်ကြာမှုရှိတော့ အရောင်းအဝယ်က သိပ်မဖြစ်ဘူး။ ငွေလက်ငင်းပေးချေမှု အရောင်းအဝယ်သာ ဖြစ်ပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးမြင့်တက်မှုမျိုးမရှိဘဲ အရောင်းပုံမှန်လေး ဖြစ်နေပါတယ်။ ပဲစင်းငုံကတော့ ဈေးအနည်းငယ်သွက်လာပါတယ်။ ပဲအသစ် ပဲလွန်းပြာ၊ ပဲလွန်းဝါ၊ ပဲထောပတ်တွေကတော့ ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာပါတယ်။ မြေပဲဆန်နဲ့ နှမ်းမျိုးစုံကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၃၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိနေသည်။



ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၂၄ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၂၄ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀-၈၇၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀-၇၀၅၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## တရုတ်နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ ရေငန်၊ ရေချို ငါး၊ ပုစွန်များ အေးခဲ၍ တင်ပို့လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒဂုန်ဆိပ်ကမ်း စက်မှုဇုန်ရှိ အအေးခန်းစက်ရုံများမှ ထုတ်လုပ်သည့် ရေငန်နှင့်ရေချို ငါး၊ ပုစွန်များအား အေးခဲ၍ တရုတ်နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ စက်မှုဇုန်ရှိ ဟုန်ရှန်ကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံအတွင်း Normal System နှင့် CNP System များဖြင့် ရေငန်၊ ရေချို ငါး၊ ပုစွန်များ အေးခဲပြီး တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။

အလားတူ Ocean World အအေးခန်းစက်ရုံအတွင်း ပြည်ကြီးငါး၊ ပုစွန်၊ ငါးတံခွန်၊ ငါးသလဲထိုး၊ ငါးမုတ်၊ ငါးတီး၊ ငါးခေါင်းပွ၊ ငါးမုတ်ဖြူ၊ ငါးရွှေ၊ ငါးပုတ်သင်တို့ကို အေးခဲပြုပြင်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အအေးခန်းစက်ရုံများအတွင်း ရေငန်၊ ရေချို ငါး၊ ပုစွန်များကို ပြည်ပသို့တင်ပို့နိုင်ရန် ပြုပြင်ထုပ်ပိုးသိုလှောင်ထားကာ လေလွင့်မှုမရှိစေရန် ဆောင်ရွက်ထားပြီး နိုင်ငံတကာဈေးကွက်တွင် အကောင်းဆုံးထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ကြက်သွန်ဖြူမီးဖုတ်**

ကြက်သွန်ဖြူဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတစ်ခုဖြစ်ပါတယ်။ ကြက်သွန်ဖြူမှာ ပါဝင်တဲ့ သဘာဝဂုဏ်သတ္တိတွေဟာ ရောဂါများစွာကို ကုသပေးနိုင်ပြီး ဆေးဝါးအဖြစ်လည်း ကမ္ဘာပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပါတယ်။

ကြက်သွန်ဖြူမီးဖုတ်ဟာ ကိုလက်စထရော ပမာဏကို လျှော့ချပေးပါတယ်။ မီးဖုတ်ထားတဲ့ (သို့မဟုတ်)ကင်ထားတဲ့ ကြက်သွန်ဖြူ ခြောက်မြွာကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို များစွာ အထောက်အကူပြုပါတယ်။ ၂ နာရီမှ ၄ နာရီအတွင်း ကင်ဆာဆဲလ်တွေကို စတင်တိုက်ဖျက်ပေးပြီး တခြားရောဂါတွေ ဝင်ရောက်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။

၄ နာရီမှ ၆ နာရီအတွင်း ခန္ဓာကိုယ်အတွင်းမှ မလိုအပ်တဲ့ အဆီပိုတွေကို ဖယ်ရှားပေးပါတယ်။

၆ နာရီမှ ၇ နာရီအတွင်း ကြက်သွန်ဖြူမှာ ပါဝင်တဲ့ ဘက်တီးရီးယား ဆန့်ကျင်ပစ္စည်းတွေဟာ ခန္ဓာကိုယ်အတွင်းမှာ တွေ့ရတဲ့ ဘက်တီးရီးယားပိုးမွှားတွေကို တိုက်ဖျက်ပေးပါတယ်။

၆ နာရီမှ ၁၀ နာရီအတွင်း ကြက်သွန်ဖြူမှာ ပါဝင်တဲ့ အာဟာရဓာတ်တွေဟာ ဓာတ်တိုးမှုကို ကာကွယ်ပေးနိုင်ပြီး အရွယ်တင်နုပျိုစေပါတယ်။

၁၀ နာရီမှ ၂၄ နာရီအတွင်း ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပါတယ်။ အရိုးတွေကို သန်မာစေပါတယ်။ သွေးပေါင်ချိန်မှန်စေပါတယ်။ ကိုလက်စထရောပမာဏကို ထိန်းချုပ်ပေးပါတယ်။ နှလုံးသွေးကြောဆိုင်ရာရောဂါတွေကို ကာကွယ်ပေးပါတယ်။ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေတာကြောင့် အမောခံနိုင်ပြီး အားကစားပိုလုပ်လာနိုင်ပါတယ်။



**ဟင်းနုနယ်မြစ်**

ဟင်းနုနယ်မြစ်ကို (ထိုင်းဂျင်ဆင်း)လို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။

၁။ အပူအပုပ်တွေ ပြေစေတယ်။ အပူကိုကျစေပြီး အဖျားကိုနိုင်တယ်။ ဖျားနေတဲ့သူတွေ စားသုံးသင့်တယ်။

၂။ သွေးလှည့်ပတ်မှုကို ကောင်းစေတယ်။ ခွန်အားဖြည့်ပေးတယ်။ မျက်နှာသွေးအရောင်ကောင်းစေပြီး တင်းတိပ်နဲ့ အမည်းစက်တွေ မှေးမှိန်စေပြီး အရေပြားဆဲလ်တွေ ကောင်းမွန်စွာ အလုပ်လုပ်စေတယ်။

၃။ လန်းဆန်းတက်ကြွစေပြီး မောပန်းလွယ်တာ၊ အားအင်ကုန်ခန်းတာတွေကို သက်သာစေတယ်။

၄။ သွေးလည်ပတ်မှုကို လှုံ့ဆော်ပေးပြီး သွေးကြောတွေကို သန့်ရှင်းစေတယ်။

၅။ ချောင်းဆိုးတာ၊ သလိပ်ရည်နဲ့ ဆီးသွားရခက်တာတွေကို သက်သာစေတယ်။ ဆီးကို ပုံမှန်သွားစေတယ်။ ဆီးရွှင်စေတယ်။

**ပြုလုပ်နည်း**

ရင့်တဲ့ ဟင်းနုနယ်မြစ် လေး၊ ငါးမြစ်ကို သန့်စင်အောင်ဆေးကြောပါ။ ရေ ၁.၅ လီတာလောက်ကို ဆူအောင်တည်ပြီး ဟင်းနုနယ်မြစ်ကို ထည့်ကာ မီးအေးအေးနဲ့ ၁၀ မိနစ်(သို့မဟုတ်) ၁၅ မိနစ်လောက်တည်ပါ။ ရလျှင် အရည်ကိုစစ်ယူပြီး ပုလင်းထဲထည့်ကာ ရေခဲသေတ္တာထဲထည့်ပြီး သိမ်းထားပါ။

မနက်နဲ့ည အိပ်ရာမဝင်ခင်(ဗိုက်ထဲအစာမရှိတဲ့အချိန်) တစ်နေ့ကို ကော်ဖီခွက် နှစ်ခွက်၊ သုံးခွက်သောက်ပါ။

ပုံမှန်သောက်သုံးပါက ရရှိလာမယ့်အကျိုးကတော့ ခွန်အားကောင်းစေပြီး လန်းဆန်းစေကာ အရွယ်တင်နုပျိုလာပါလိမ့်မယ်။



**ပိန်းဥ**

ပိန်းဥဟာ ကျန်းမာရေးအတွက်ကောင်းတဲ့ သစ်ဥတစ်မျိုးဖြစ်ပြီး ပိုတက်ဆီယမ်၊ ကယ်လ်စီယမ်၊ ဗီတာမင်ဘီ၊ အီး၊ စီနဲ့ အမျှင်ဓာတ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်အေနဲ့ ပရိုတင်းတို့ ပါဝင်ပါတယ်။

၁။ **သွေးတိုးကျစေတယ်။**

ပိန်းဥမှာ သွေးတွင်းတည်ငြိမ်မှုကို အားပေးတဲ့ သတ္တုဓာတ်၊ ပိုတက်ဆီယမ် အများအပြားပါဝင်တဲ့အတွက် သက်ကြီးပိုင်းအရွယ်တွေနဲ့ သွေးတိုးရှိသူတွေ စားသုံးသင့်ပါတယ်။

၂။ **ဂလူတင်ဓာတ် မပါရှိပါ။**

ပိန်းဥမှာ စေးကပ်တဲ့ ဂလူတင်ဓာတ် မပါရှိပါဘူး။ ဒါပေမဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေနဲ့ အမျှင်ဓာတ်တွေ ပါရှိပါတယ်။

၃။ **ကိုယ်ခံအားကောင်းစေတယ်။**

ဗီတာမင်တွေ ကြွယ်ဝစွာပါဝင်တဲ့ ပိန်းဥဟာ ကိုယ်ခံအားကို မြှင့်တင်နိုင်ဖို့ အလွန်အသုံးဝင်ပါတယ်။ ဗီတာမင်စီကလည်း ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး အအေးမိ၊ ချောင်းဆိုး၊ ဖျားနာတာတွေလို အပျော့စားရောဂါတွေကို ခုခံနိုင်ပါတယ်။

၄။ **နှလုံးရောဂါလျော့နည်းစေတယ်။**

ကိုလက်စထရော မပါသလို အဆီလည်းနည်းတဲ့ ပိန်းဥက နှလုံးရောဂါရှိသူတွေအတွက် အကျိုးပြုပါတယ်။ ပိန်းဥကို ပုံမှန်စားသုံးတဲ့သူတွေမှာ နှလုံးရောဂါဖြစ်နိုင်ခြေ လျော့နည်းနိုင်ပါတယ်။

၅။ **ကိုယ်အလေးချိန်လျှော့ချပေးတယ်။**

အဆီဓာတ်နဲ့ အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်တာကြောင့် ပိန်းဥဟာ ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အသုံးဝင်တဲ့ အာဟာရတစ်မျိုးဖြစ်ပါတယ်။

၆။ **ဆိုဒီယမ်ဓာတ်ပါဝင်မှုနည်းတယ်။**

ဆိုဒီယမ်ဓာတ်ပါဝင်မှုနည်းလို့ ဆိုဒီယမ်ဓာတ် လျှော့စားလိုသူတွေအတွက် သင့်လျော်ပါတယ်။ ဆိုဒီယမ်ကို ဘာကြောင့်ရှောင်ကြတာလဲဆိုတော့ ခန္ဓာကိုယ်ထဲမှာ ဆိုဒီယမ်များနေရင် ကျောက်ကပ်ပြဿနာ၊ သွေးဖိအားများတာ၊ သွေးကလာပ်စည်းတွေ ထိခိုက်တာတွေ ဖြစ်လာနိုင်စေလို့ပါ။

၇။ **အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးတယ်။**

ပိန်းဥဟာ တစ်နေ့တာ လိုအပ်တဲ့ အမျှင်ဓာတ်ပမာဏကို ၂၇ ရာခိုင်နှုန်းလောက်အထိ ထောက်ပံ့ပေးနိုင်ပါတယ်။ အမျှင်ဓာတ်ကြောင့် အူမကြီး၊ အစာအိမ်တို့လို အူလမ်းကြောင်းကို ကျန်းမာစေပါတယ်။ အမျှင်ဓာတ်များတဲ့ အစာတွေကို စားရင် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပြီး ကိုလက်စထရောစုပုံမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

၈။ **သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။**

အချိုဓာတ်ညွှန်းကိန်း နည်းပါးတာကြောင့် သွေးတွင်းသကြားဓာတ်ကို တဖြည်းဖြည်းလျော့ကျစေနိုင်ပါတယ်။ သွေးတွင်းသကြားဓာတ်အပြင် ကိုယ်အလေးချိန်ကျစေနိုင်လို့ ဆီးချိုသမားများအတွက် အထူးသင့်လျော်ပါတယ်။

၉။ **မောပန်းနွမ်းလျမှုကို သက်သာစေတယ်။**

ပိန်းဥဟာ မောပန်းနွမ်းလျမှုကို သက်သာစေနိုင်ပြီး တစ်နေ့တာအတွင်း ခန္ဓာကိုယ်ကို ကျန်းမာစေလို့ အားကစားသမားတွေအတွက် ကောင်းမွန်ပါတယ်။

၁၀။ **အိုမီဂါ-၃ ပါဝင်တယ်။**

ပိန်းဥဟာ အမိုင်နိုအက်စစ်ကြွယ်ဝစွာပါဝင်ပါတယ်။ အမိုင်နိုအက်စစ် ၁၇ မျိုးကျော်ပါဝင်တဲ့အပြင် နှလုံးကျန်းမာရေး၊ ကင်ဆာကာကွယ်ရေးအတွက် အိုမီဂါ-၃ ပါဝင်ပါတယ်။



**ကြွက်နားရွက်မှို**

၁။ **သွေးလည်ပတ်မှုကောင်းစေတယ်။**

သံဓာတ်ပါဝင်မှုများပြားသောကြောင့် သွေးအားနည်းခြင်းအတွက် အိမ်သုံးဆေးတစ်မျိုးအဖြစ် လူသိများပါတယ်။ သံဓာတ်၊ ပရိုတင်း၊ ဗီတာမင်ဓာတ်တွေ ပါဝင်ပါတယ်။ Terpenoids ဆိုတဲ့ ဓာတ်တစ်မျိုးပါဝင်တာကြောင့် ဓာတ်မတည့်ခံစားရခြင်းကို ကာကွယ်ပေးပါတယ်။

၂။ **ရောင်ရမ်းမှုကို သက်သာစေတယ်။**

Polysaccharide လို့ခေါ်တဲ့ ဓာတ်တစ်မျိုးပါဝင်သောကြောင့် ဆေးဝါးဆိုင်ရာကောင်းကျိုးတွေ အများကြီးရှိပါတယ်။ ရောင်ရမ်းခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်တဲ့ အဓိကအင်ဇိုင်းတစ်မျိုးလည်း ဖြစ်တဲ့အတွက် အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

၃။ **နှလုံးကျန်းမာရေးအတွက် ကောင်းမွန်စေတယ်။**

Polysaccharides ဓာတ်ကြောင့်ပဲ သွေးတွင်းကိုလက်စထရောကို လျော့ကျစေနိုင်ပါတယ်။ နှလုံးရောဂါကို လျော့ကျစေပြီး လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးခဲခြင်းနဲ့ သွေးတိုးရောဂါအတွက်လည်း အသုံးပြုကြပါတယ်။

၄။ **အင်နီတီအောက်ဆီးဒင့်တွေ ပါဝင်တယ်။**

ဗီတာမင်ဘီတူး ပါဝင်ပါတယ်။ ထိုဓာတ်က အစွမ်းထက်တဲ့ အင်နီတီအောက်ဆီးဒင့်တစ်မျိုးဖြစ်ပြီး ဖရီးရယ်ဒီကယ်လ်တွေကြောင့် ဆဲလ်ပျက်စီးခြင်းကို ကာကွယ်ပေးပါတယ်။ အဆစ်အမြစ်ရောင်ရမ်းခြင်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများနဲ့ ကင်ဆာရောဂါအမျိုးမျိုးကိုလည်း သက်သာစေနိုင်ပါတယ်။ ခန္ဓာကိုယ်ခုခံအားကောင်းစေတဲ့အတွက် ရုပ်ပိုင်းဆိုင်ရာ ဖိအားမျိုးစုံကိုလည်း အကျိုးသက်ရောက်မှုရှိပါတယ်။

၅။ **အဆိပ်အတောက်ကင်းစေတယ်။**

ကြွက်နားရွက်မှိုကို အစားအစာတွေထဲမှာ ထည့်သွင်းစားသုံးတဲ့အခါမှာ ခန္ဓာကိုယ်တွင်းက အဆိပ်အတောက်တွေ ပြေစေပါတယ်။ အဆုတ်ကို သန့်စင်စေပြီး အစာခြေစနစ်အတွက်လည်း ကောင်းမွန်စေပါတယ်။

၆။ **ဝိတ်ကျစေတယ်(ကိုယ်အလေးချိန်)**

အမျှင်ဓာတ်နဲ့ Pectin ပါဝင်တာကြောင့် အဝလွန်ခြင်းကို ကာကွယ်နိုင်ပါတယ်။ အဆီဓာတ်စုပ်ယူမှုကို တားဆီးပေးနိုင်တဲ့အတွက် ကိုယ်အလေးချိန်ကျစေဖို့ ကူညီပေးနိုင်ပါတယ်။

**သတိပြုရန်**

ကိုယ်ဝန်ဆောင်တွေနဲ့ နို့တိုက်မိခင်များ ကြွက်နားရွက်မှိုကို မစားသုံးသင့်ပါဘူး။ သွေးနဲ့ဆိုင်တဲ့ရောဂါရှိပြီး ဆေးသောက်နေရသူတွေ မစားသုံးသင့်ပါဘူး။



**ဒန့်ကျွဲရွက်(မိုးကျလက်ဖက်ပင်)**

ဒန့်ကျွဲရွက်(ခေါ်)မိုးကျလက်ဖက်ရွက်ပင်ဟာ အလေ့ကျပေါက်တဲ့အပင်ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပြီး အရသာရှိတဲ့အပင်တစ်မျိုးပါ။ 'ဒန့်ကျွဲပင်၊ ပုခက်လွဲ' ဆိုတဲ့ စကားပုံတောင်ရှိပါတယ်။

ဒန့်ကျွဲရွက်နုနုတွေကို ရေနွေးနဲ့ပြုတ်ပြီး သုပ်စားတာကို 'မိုးကျလက်ဖက်သုပ်' လို့ ခေါ်ပါတယ်။ ပြုတ်ထားတဲ့ ဒန့်ကျွဲရွက်တွေကို ပါးပါးလှီးပြီး ဆီချက်၊ ပဲမှုန့်၊ ကြက်သွန်နီ၊ မြေပဲတို့နဲ့ ရောသုပ်တာပါ။ သံပရာသီးနဲ့ ငရုတ်သီးစိမ်းလေးပါ ထည့်လိုက်မယ်ဆိုရင် မွှေးပြီး အရသာပိုရှိပါတယ်။ လက်ဖက်လို မဖန်တဲ့အတွက် ဗိုက်မနာ၊ ဗိုက်မအောင့်ဘဲ စားလို့ရပါတယ်။

ဒန့်ကျွဲရွက်ကို ပြုတ်စား၊ သုပ်စားခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

၁။ အိပ်မပျော်သူတွေကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။

၂။ နှလုံးခုန်မြန်ခြင်း၊ ရင်တုန်ခြင်းနဲ့ မောပန်းခြင်းတို့ကို သက်သာစေပါတယ်။

၃။ အဆီကျစေပြီး ဆီး၊ဝမ်းတို့ကို မှန်စေပါတယ်။

၄။ သွေး၊လေချောက်ချားခြင်းကို သက်သာစေပြီး စိတ်ကိုကြည်လင်လန်းဆန်းစေပါတယ်။

၅။ အားနည်းတာကို သက်သာစေပြီး သွေးတိုးကျစေပါတယ်။

၆။ သည်းခြေပျက်ခြင်းကို သက်သာစေပါတယ်။

ဒန့်ကျွဲရွက်ကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုပြီး သကြားနဲ့ ရောသောက်မယ်ဆိုရင်လည်း အထက်ပါရောဂါတွေ ပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား – Tik Tok

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# ၂၀၂၅ အထွေထွေရွေးကောက်ပွဲ ကြိုဆိုဂုဏ်ပြု သွေးလှူဒါန်းပွဲကို အမျိုးသားသွေးလှူဘဏ်(မန္တလေး)တွင် ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၅**

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(မန္တလေးတိုင်းဒေသကြီး) မှ ကြီးမှူးပြုလုပ်သော ၂၀၂၅ အထွေထွေရွေးကောက်ပွဲ ကြိုဆိုဂုဏ်ပြု သွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားရှိ အမျိုးသားသွေးလှူဘဏ်(မန္တလေး)တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သွေးလှူဒါန်းပွဲသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးကြည်စိန်၊ ဒုဥက္ကဋ္ဌ ဦးမိုးဇော်ထွန်း၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ တိုင်းကော်မတီဝင် ဦးအောင်ချမ်းမင်း၊ တိုင်းတွဲဖက်အတွင်းရေးမှူး (၁)နှင့် ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်များမှ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်း၊ တိုင်းအဖွဲ့ဝင် ဦးအောင်ငွေ၊ သွေးအလှူရှင်များ တက်ရောက်ခဲ့ကြသည်။

၂၀၂၅ အထွေထွေရွေးကောက်ပွဲ ကြိုဆိုဂုဏ်ပြု သွေးလှူဒါန်းပွဲတွင် သွေးအိတ်ပေါင်း ၁၂၀ ကျော် လှူဒါန်းနိုင်ခဲ့သည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(မန္တလေးတိုင်းဒေသကြီး) တိုင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်ကျော်ဝေနှင့် (ဇနီး)ဒေါ်မြင့်မြင့်သင်းတို့က ဓမ္မသံတော်ဆင့်စာပေတိုက်မှ ရွေးကောက်ပွဲဂုဏ်ပြု အထူးထုတ် သမိုင်းဝင်လွှတ်တော်နှင့် ရွေးကောက်ပွဲများ စာအုပ်များကို မန္တလေးမြို့ပေါ် တက္ကသိုလ်များသို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတက္ကသိုလ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၅**

နိုင်ငံတော်မှ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်အညီ ပညာရေး ကဏ္ဍကို အထူးအလေးပေးဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (မထိစံပြ)တွင် ယမန်နေ့ နံနက် ၉နာရီခွဲက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်စသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနီးမြေ)**

## မြင်းခြံတက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံတက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာစာ ပါမောက္ခ(ဌာနမှူး)က "အရတော်ပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရှေ့တိုင်းပညာဌာန ပါမောက္ခ(ဌာနမှူး)က "လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သမိုင်းဌာန ပါမောက္ခ(ဌာနမှူး)က "အမုန်းစကားမှသည် ငြိမ်းချမ်းရေးစကားဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က "လူငယ်နှင့် ဆိုရှယ်မီဒီယာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၃၆၆)**




## လူထုအခြေပြုပဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ

**အောင်လံ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center)ခန်းမ၌ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ အသင်းတို့ ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးသိန်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး Book Club အသင်းဥက္ကဋ္ဌ ဆရာကြီးဦးသန်းထွန်းက "အင်ကြင်းရဂုံ" စာအုပ်မှ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခဲ့ရာ စာပေချစ်မြတ်နိုးသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**အာကာ(ပြန်/ဆက်)**

## ကြိုးစားဖတ်လေ မြတ်စာပေ

* စာပေတွေ ဖတ်ပါများတော့
အသိပညာပွား တိုးတက်လာ ။
ပညာဟူသည် မြတ်ရွှေအိုးမို့
ကြိုးစားလေ့လာ ။

* စာမတတ်က အကန်းအသွင်ပါ
လမ်းမမြင်ရာ ပမာသို့ ။
ငယ်ရွယ်စဉ် ဝီရိယထားကာ
သင်ကြားကြစို့ ။

* လူငယ်တွေ အမြဲမပြတ်
လေ့လာဖတ်မှတ် သင်ယူပါ ။
ပျင်းရိခြင်းကို ရှောင်ရှားလို့
ကြိုးစားလို့သာ ။

* ဗဟုသုတကြွယ်စွာ
လမ်းမှားကို ဖယ်ရှောင်ရှား ။
အလင်းရောင်ပမာ ဝင်းလက်လို့
ထက်သည့် စိန်သွား ။

* စာပေကို စိတ်ဝင်တစား
အစဉ်တိုးပွား ပညာနယ်
အသိစိတ်တွေ နိုးကြားဖို့
ကြိုးစားရမည် ။(မယ်)

* အလိမ္မာ စာမှာရှိသည်
စာပေကို ချစ်မြတ်နိုးရင်ဖြင့်
အမိုက်အမှားကိုလည်း ရှောင်ခွာ
တိုးပွားလို့ကျင့် ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**





# မွေးနေ့အထိမ်းအမှတ် နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ဘုံပျံတောရအလယ်တိုက် ရတနာအောင်မြင် မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက မွေးနေ့အထိမ်းအမှတ် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဇဝနထံမှ အလှူရှင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်နေ ဦးတင်မိုးဝင်း+ဒေါ်မြမြမွန်၊ သမီး မမိုးဖြူစင်မွန်၊ မသင်းရန့်အောင် မိသားစုနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရား ချီးမြှင့်သည်။

ထို့နောက် မမိုးဖြူစင်မွန်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ မိဘမဲ့ကလေး ၇၀ ကျော်တို့အား နေ့လယ်စာဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ထို့နောက် ဆရာတော်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

***********



စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မစိုးရိမ်တိုက်သစ်၊ အမှတ် (၃၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူရှင် မန္တလေးမြို့နေ မိခင်ကြီး ဒေါ်စန်းကြည်နှင့် ခင်ပွန်း ဦးဝင်းနိုင်တို့အား ရည်စူး၍ ခင်ပွန်းဖြစ်သူ ကွယ်လွန်ခြင်း (၆)နှစ်ပြည့်အဖြစ် ဒေါ်ခင်ပြုံးဝင်း(သား)မောင်အောင်ဘုန်းနိုင်၊ မောင်စွမ်းထက်နိုင် မိသားစုက အလှူငွေကျပ် ငါးသိန်းကို အမှတ်(၃၃)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တမဟိဿရ(စာချကထိက)အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (၀၅၃)

## ဘေးမဲ့ခြံသို့ ဆိတ်တစ်ကောင်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေး၊ တောင်စလင်းတိုက် သစ်ဘာဝနာဌာန၊ ပဓာနနာယကဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော် ဘဒ္ဒန္တတိက္ခဦးဆောင်သည့် ဆည်တော်လေး ဗုဒ္ဓဥယျာဉ်တော်ခြံသို့ မန္တလေးမြို့နေ အလှူရှင် ဦးလှိုင်မင်းအောင်+ဒေါ်ယုယု



နိုင် မိသားစုက အဘယဒါနအဖြစ် ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ဆိတ်တစ်ကောင်နှင့်အတူ အစာဖိုးငွေအဖြစ် ငွေကျပ် ငါးသောင်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းငါးသောင်းတိတိကို ယမန်နေ့က ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလှူရှင်များအနေဖြင့် အဘယဒါနအဖြစ် ကုသိုလ်ပြုလှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၈၇၅၇၆၄၃၂၃၊ ၀၉-၄၀၂၆၈၂၅၂၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၉)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများက စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသောဆရာတော်၊ သံဃာတော်များအား (၁၄၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူကြစဉ်။ (မန္တလေးနေ့စဉ်-၃)

မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန။

## ဆုတောင်းပြည့်စေတီ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမှု ၅၀ ရာခိုင်နှုန်းကျော် ပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ကို လုံးတော်ပြည့်ရွှေသင်္ကန်း



ကပ်လှူပူဇော်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်တွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်မှစတင်၍ ဝါးငြမ်းများဆင်ပြီး ရွှေသင်္ကန်းကပ်လှူနေခြင်းဖြစ်ရာ လာမည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြီးစီးရန် ဆောင်ရွက်နေကြကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ထီးတော်မှ စတင်၍ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ရက် နံနက်က စေတီကြီး၏ ကြာလှန်၊ ခွဲလုံး၊ ကြာမှောက်၊ ဖောင်းကိုးလုံးတို့အား ရွှေချလုပ်ငန်းပြီးစီးမှု အခြေအနေကို ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုပူဇော်ခဲ့ကြကြောင်း သိရသည်။ (၃၉၄)

## ခနုဒေသ ပင်းတယမြို့နယ် ဆီထွက်သီးနှံပန်းနှမ်းခင်းများ စတင်ရိတ်သိမ်း

**ပင်းတယ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့ပေါ်ရပ်ကွက် (၁၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၇) အုပ်စု ကျေးရွာ ၁၃၅ ရွာရှိ လယ်ယာတောင်ယာခြံများတွင် ဆောင်းရာသီ ဆီထွက်သီးနှံ ပန်းနှမ်းများ ရိတ်သိမ်းနေကြောင်း သိရသည်။

ဓနုဒေသ ပင်းတယမြို့နယ်ရှိ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသား၊ ဗမာ အစရှိသော တိုင်းရင်းသားများ၏ ရှေးရိုးရာ ဓလေ့ မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ဆောင်းရာသီ သီးနှံ၊ မြေပဲ၊ ပန်းနှမ်း၊ ဆီမုန်ညင်း သီးနှံများ ရင့်မှည့်အောင်မြင်နေပြီဖြစ်ပြီး နှစ်စဉ်ကျင်းပသော ပင်းတယမြို့နယ်ဂုဏ်ဆောင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် မတိုင်မီ ရိတ်သိမ်းခြွေလှေ့ရောင်းချကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)



## မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်စခန်းများမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တွေ့ဆုံပွဲနှင့် ဆန်၊ ဆီ၊ စားသောက်ကုန်များ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေးခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန




တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးနှင့် မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးတို့က တိုင်းဒေသကြီးနှင့် ဗဟိုမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်းအမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆန်လေးပြည်၊ ဆီ(၅၀)ကျပ်သားနှင့် စားသောက်ကုန်များကိုလည်းကောင်း၊ မန္တလေးခရိုင်နှင့် မြို့နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ နေအိမ်လိုင်းခန်း သန့်ရှင်းသာယာရေးဆုများ ပေးအပ်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများမှ လစဉ်ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၅)

# အိုဘယ့်ချင်းမိုင်(၁၆)

သန်းစိုးအောင်

ဟိုတယ်၊ တည်းခိုခန်း၊ ရှော့ပင်းမောနှင့် ဈေးများ
'ချင်းမိုင်ည'
ဖုရာမမှ၊ လှမ်းမြင်ရ၏
ညချမ်းချိန်ခါ၊ လူးလာတဲ့ခေါက်
လျှောက်ကြသည့်ဟန်၊ ကားသံလည်းကြား
မီးများလည်းဝင်း၊ ဈေးလည်းခင်း၏
သင်းမြလေပြည်၊ သုတ်လေရှိသည့်
ဒဏ္ဍာရီထဲက နတ်တို့ပြည်။

တကယ်တော့ ချင်းမိုင်ဟာ ထိုင်းနိုင်ငံမြောက်ပိုင်းရဲ့ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေသော အဓိကမြို့ကြီးတစ်မြို့ပါ။ ခရီးသွားကဏ္ဍကိုကြည့်ရင် ရှေးဟောင်းယဉ်ကျေးမှု၊ ဘုရား၊ စေတီ၊ ပုထိုးနှင့် ဗုဒ္ဓဘုရားကျောင်းများ ပေါများတာ၊ အေးမြသောရာသီဥတုနဲ့ တောင်စဉ်၊ တောင်တန်း၊ ရေတံခွန်တွေ ပေါများစွာ ဒေသရိုးရာအစားအစာများနဲ့ လက်မှုအနုပညာပစ္စည်းများ၊ ရိုးရာအဝတ်အထည်များဟာ ထိုင်းနိုင်ငံမြောက်ပိုင်း ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေတဲ့ ပင်မရေစီးကြောင်းများဖြစ်သည်ဆိုက မှားအံ့မထင်ပါ။

ရှေးဟောင်း လန်နယဉ်ကျေးမှုအမွေအနှစ်ဟုဆိုနိုင်တဲ့ လှပသော ဗုဒ္ဓဘုရားကျောင်းများ၊ စိမ်းလန်းပြီး ရှုမျှော်မဆုံးတဲ့ တောင်စဉ်တောင်တန်းများနဲ့ ရှုမျှော်ခင်းများဟာ ကမ္ဘာလှည့်ခရီးသွားများအဖို့ စိတ်ပျော်ရွှင်စရာ၊ ကြည်နူးမဆုံးနိုင်စရာ စွဲမက်ဖွယ်သော မြင်ကွင်းတွေပါပဲ။ ထို့ပြင် ချင်းမိုင်ဟာ ရှေးလန်နဘုရင်များရုံးစိုက်ရာ အုပ်ချုပ်ရေးဗဟိုအချက်အချာဖြစ်ကြောင်းကို ကျန်ရှိနေသော နန်းမြို့ရိုးဟောင်းနဲ့ ကျုံးက သက်သေခံနေသလိုပါပဲ။

မျက်မှောက်ကာလမှာတော့ ချင်းမိုင်ဟာ ကမ္ဘာလှည့်ခရီးသည်များအတွက် မသွားမဖြစ် ခရီးစဉ်တစ်ခု ဖြစ်နေပါပြီ။ ထိုင်းနိုင်ငံကိုလာရင် ထိုင်းမြောက်ပိုင်းမှ ချင်းမိုင်ကို ဗဟိုပြုတဲ့ ခရီးစဉ်ဟာ မပါရင်မပြီးတဲ့ ကမ္ဘာကျော်ခရီးစဉ်တစ်ခု ဖြစ်နေပါပြီ။ ပမာဆောင်ရလျှင် လန်နယဉ်ကျေးမှုလက်ရာများစွာသော ဗုဒ္ဓဘုရားကျောင်းများမှာ တွေ့ရမယ့် နဂါးရုပ်(အမိုးပန်းဆွဲများ၊ လှေကားလက်ရန်းများ)၊ ဘီလူးရုပ်များ(ဘုရား၊ စေတီ၊ မုခ်ဝများနှင့် ဘုရားကျောင်းလှေကားထိပ်နေရာများ) သစ်သားပန်းပု၊ ပန်းပွတ်လက်ရာများက သင့်ကို အံ့အားသင့်စေမှာ မလွဲပါ။

ဒီယဉ်ကျေးမှုလက်ရာတွေကို ၁၄ ရာစုလက်ရာ ဝပ်ဖရာဆင်း(Wat Phra Sing)၊ ၁၅ ရာစုလက်ရာ ဝပ်စေတီလောင်(Wat Chedi Luang)အပါအဝင် များစွာသော ချင်းမိုင်ဝန်းကျင် ဗုဒ္ဓဘုရားကျောင်းတွေမှာ သွားရောက်လေ့လာနိုင်ပါတယ်။

### သာဖေ့ဂိတ်မှသည်

တောင်စဉ်တောင်တန်းတွေ ဝိုင်းရံထားတဲ့ ချင်းမိုင်မြို့ မြို့အတွင်းမှာတော့ ရှေးဟောင်းဘုရားစေတီတွေ၊ ဈေးကြီး၊ ဈေးငယ်နဲ့ ညဈေးတွေ၊ ခေတ်မီကုန်တိုက်ကြီး၊ ကုန်တိုက်ငယ်တွေ၊ ဈေးဝယ်စင်တာတွေအပြင် ကော်ဖီဆိုင်၊ စားသောက်ဆိုင်၊ ရိုးရာလက်မှုပစ္စည်းဆိုင်များ၊ ပန်းချီ၊ ပန်းပုဆိုင်များ စသည့် လည်ပတ်စရာတွေ ပေါများလှပါတယ်။ မြို့ပြင်ကိုထွက်ပြန်က တောင်ပေါ်ဒေသဖြစ်လို့ မြင်ကွင်းတွေက တစ်မျိုးတစ်ဖုံဆန်းသစ်နေပြန်ရော။ တော၊ တောင်၊ သစ်ပင်တွေ၊ ပန်းခင်းတွေ၊ လယ်ကွင်းပြင်တွေ၊ သဘာဝကို နောက်ခံပြုထားတဲ့ ကော်ဖီဆိုင်တွေ၊ အမှတ်တရဆိုင်တွေက ဓာတ်ပုံနှင့် ဗီဒီယိုရိုက်လို့မဆုံးနိုင်အောင် ရှိနေပြန်တယ်။ ဒါ့အပြင် ချင်းမိုင်ဆင်ခြေဖုံးက တော်ဝင်ပန်းခြံ(Royal Rajapruek) ကြီးကလည်း ကမ္ဘာလှည့်တို့ရဲ့ နှလုံးအိမ်မှာ မေ့လျော့မဆုံးနိုင်အောင်ပါပဲ။ ဒီပန်းခြံကြီးမှာ လေ့လာစရာ အပင်မျိုးစိတ်တွေကလည်း များပြားလှပါတယ်။



ချင်းမိုင်မြို့ Central Festival ကုန်တိုက်ကြီး။

မြို့တော်ဟောင်း သာဖေ့ဂိတ်ဝန်းကျင်မှာ ကမ္ဘာ့လှည့်များအဖို့ တစ်ထောက်နားပြီး ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်၊ ရွှေတြိဂံ၊ ချင်းရိုင်၊ မယ်ဟောင်ဆောင်စတဲ့ နေရာတွေကို သွားရောက်လေ့လာဖို့ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီရုံးခန်းတွေကလည်း ရေကန်အသင့် ကြာအသင့်ပါပဲ။

### ဘယ်မှာတည်းခိုမလဲ

ချင်းမိုင်ကိုလာရင် ဘယ်မှာတည်းခိုမလဲ။ ဒါက ချင်းမိုင်ခရီးသွားတစ်ဦးအတွက် ကြိုတင်ပြင်ဆင်ရမယ့် မေးခွန်းတစ်ခုပါ။ အလွယ်ပြောရရင် ချင်းမိုင်မြို့တော်ဟောင်း(Old City) အရှေ့မျက်နှာ သာဖေ့ဂိတ်၊ ညဈေးနဲ့ နင်မန်းလမ်း(Ninman Street) ဝန်းကျင်ဟာ တည်းခိုဖို့အဆင်ပြေတဲ့ နေရာတစ်ခုလို့ ဆိုချင်ပါတယ်။ ဒါ့အပြင် မြို့ရဲ့တခြားသော နေရာရပ်ကွက်တွေလည်း ရှိပါသေးတယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ ဒေသန္တရလေ့လာရေးအဖွဲ့ကတော့ အိပ်မက်ခရီး(Dream Journey) ခရီးသွားကုမ္ပဏီရဲ့ ကြိုတင်စီစဉ်မှုအရ ချင်းမိုင်မြို့လယ်ရှိ ဖုရာမ (FURAMA) ဟိုတယ်ကြီးမှာ တည်းခိုခွင့်ရခဲ့ပါတယ်။ အဲ့ဒီညချမ်းမှာ ကျွန်တော်တို့တည်းခိုရာ ဖုရာမဟိုတယ်ရဲ့ ၁၇ ထပ်မှ မိန်းလမ်းမကြီးဘက် မျှော်ကြည့်လိုက်တော့ ထိန်လင်းနေတဲ့ မာကျူရီမီးတိုင်ကြီးများအောက်မှာ လူ၊ ကား၊ ဆိုင်ကယ်တွေက လူးလားခေါက်တုံ့ မောင်းနှင်သွားလာနေတာကို တွေ့မြင်ရတယ်။ ထို့ပြင် လမ်းအရှေ့ဘက် ပလက်ဖောင်းဘေးရှိ မာယာ(MAYA) ကုန်တိုက်ကြီးရဲ့ နီယွန်ကြော်ငြာဆိုင်းဘုတ်မှ ကြော်ငြာအစီအစဉ်တွေကိုလည်း တစ်ခုပြီးတစ်ခု မြင်နေရတယ်။

ဆောင်းနှောင်းလက်ကျန် နွေဦးရနံ့သင်းတဲ့ ညချမ်းဟာ အေးဆေးငြိမ်သက်တဲ့ အသွင်ကိုဆောင်လို့ တစ်ချက်တစ်ချက်မှာ လေပြည်ကလေး တိုက်ခတ်လို့ သစ်ရွက်သစ်ကိုင်းကလေးတွေ လှုပ်ခတ်သွားတာကို မြင်ရလေရဲ့။ သင်က ချင်းမိုင်မြို့နှင့် ထိုင်းမြောက်ပိုင်းခရီးစဉ်ကို သွားမယ့်သူ၊ ရက်ကြာကြာနေထိုင်ရန် အချိန်မပေးနိုင်သူတစ်ယောက်ဖြစ်တယ်ဆိုပါက မြို့တော်ဟောင်း(Old City)ဧရိယာဝန်းကျင်မှာပဲ တည်းခိုသင့်ပါတယ်။ ဒီနေရာက ချင်းမိုင်မြို့ရဲ့ အလယ်ဗဟိုနေရာဖြစ်သည့်အပြင် ဝန်ဆောင်မှုပေးမယ့် ခရီးသွားကုမ္ပဏီများကလည်း အဆင်သင့် ဆက်သွယ်ရေးအတွက် ယာဉ်၊ ရထား၊ ကားဂိတ်များကလည်း အသင့်အနေအထားရှိတဲ့ နေရာဖြစ်လို့ပါ။ ဒါ့ပြင် သာဖေ့ဂိတ်ဝန်းကျင်မှာ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ လူသုံးကုန်ပစ္စည်းဆိုင်များလည်း ရှိနေပြန်တယ်။

ချင်းမိုင်မြို့ဟောင်းက မြို့ရိုးနှင့်ကျုံးကို မျက်မှောက်ကာလတိုင် တွေ့နိုင်ပါတယ်။ အချို့နေရာမှာ မူလပကတိအနေအထားကို မြင်နိုင်သေးတယ်။ လေးဖက်လေးတန်မှာ မြို့အဝင်တံခါးပေါက်တွေရှိပြီး အရှေ့ဘက်မျက်နှာ သာဖေ့ဂိတ်က အထင်အရှားဆုံးပါ။ လန်နဘုရင်မင်းရဲ့ (King Mangrai)က သက္ကရာဇ် ၁၂၉၆ ခုနှစ်မှာ မြို့ကိုတည်ခဲ့ကြောင်း ယခင်ဆောင်းပါးတွေမှာ ဖော်ပြပြီးပါပြီ။ ဖြည့်စွက်ပြောလိုတာက ဒီနေရာမှာ တကူးတကရည်ရွယ်ချက်ရှိရှိ ဓာတ်ပုံနဲ့ ဗီဒီယိုလာရိုက်သူတွေရှိသလို ချင်းမိုင်ရဲ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားတွေကို ကျင်းပလေ့ရှိကြောင်း သိရပါတယ်။

ဒါ့အပြင် ချင်းမိုင်ဟာ ရှေးလန်နဘုရင်များ အုပ်ချုပ်ခဲ့တဲ့ ယဉ်ကျေးမှုထွန်းကားရာ ဗဟိုအချက်အချာဖြစ်တယ်။ နန်းတော်မြို့ရိုးနှင့် နှစ်ကီလိုမီတာဝန်းကျင်အတွင်းမှာပဲ အသွင်တော်ထူးခြားပြီး သပ္ပာယ်တဲ့ သမိုင်းဝင်ဘုရားစေတီတွေများစွာ ရှိနေပါတယ်။ လမ်းလျှောက်ပြီးသွားရောက်ဖူးမြော်လို့ရတဲ့ အနေအထားပါ။ သာခကေပြစရာ 'ဝပ်ချင်းမန်' နဲ့ 'ဝပ်ဖရာဆင့်'စေတီတို့ကို ဖူးမြော်နိုင်ပါတယ်။

ချင်းမိုင်မြို့တော်ဟောင်းဝန်းကျင်မှာ တည်းခိုရင်ရနိုင်တဲ့နောက် အခွင့်အရေးတစ်ခုက စနေဈေး (Saturday Market) နဲ့ တနင်္ဂနွေညဈေး (Sunday Night Bazaar) တွေကို အလွယ်တကူ သွားရောက်လည်ပတ်နိုင်ပါတယ်။ ဒီဈေးခင်းတွေကလည်း မြို့တော်ဟောင်းဧရိယာထဲမှာပဲ ရှိနေတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့ကတော့ ညချမ်းချိန်မှာပဲ မိမိတို့တည်းခိုရာ ဖုရာမဟိုတယ်မှ မလှမ်းမကမ်း မိန်းလမ်းမကြီးဘေး မေးတင်ထားတဲ့ မာယာကုန်တိုက်ကြီးကို ခြေကျင်သွားပြီး လည်ပတ်ခဲ့ကြတယ်။ ချင်းမိုင်ညဈေးက သာဖေ့ဂိတ်မှ အရှေ့ဘက် ပင်းမြစ်(PINE RIVER) အတွင်း ဧရိယာထဲမှာပဲ ရှိပါတယ်။

### ဟိုတယ်များအကြောင်း

ကျွန်တော်တို့ခရီးသွားအဖွဲ့ တည်းခိုခဲ့တဲ့ ဟိုတယ်တွေက မယ်ဆိုင်မှာ PIYA PONE PLACE HOTEL၊ ချင်းရိုင်မှာ RASA BOUTIQUE HOTEL၊ ချင်းမိုင်မှာ HOLIDAY GUARDEN HOTEL နဲ့ FURA MA HOTEL တို့ပဲ ဖြစ်တယ်။ ဒီဟိုတယ်တွေက ဝန်ဆောင်မှု မည့်၊ ခေတ်မီတယ်၊ သန့်ရှင်းတယ်။ နံနက်စာပါပြီး ကြယ်လေးပွင့်(သို့မဟုတ်)ငါးပွင့်အဆင့် ရှိပါတယ်။

ညဈေးဧရိယာဝန်းကျင်မှာ တည်းခိုရင်လည်း စားသောက်ရေးအတွက် စိတ်ပူစရာမရှိ၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်တွေ ပေါပါတယ်။ ဆက်သွယ်ရေးအတွက် ကား၊ ဆိုင်ကယ်ငှားတဲ့နေရာတွေအပြင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအချို့လည်း ရှိနေပြန်တယ်။ ဒီနေရာမှာလည်း နာမည်ရှိဟိုတယ်တွေနဲ့ ဈေးနှုန်းသင့်တဲ့ ဟိုတယ်များ ရှိတယ်လို့ သိရပါတယ်။ ချင်းမိုင်ညဈေးအနီး ဟိုတယ်တွေမှာ တည်းခိုချင်ရင် Chiang Mai Night Bazaar Key Word သုံးပြီး ရှာဖွေနိုင်ကြောင်း မှျဝေရပါတယ်။ ဒါ့ပြင် နာမည်ကျော် ဝါရော့(WARROT)ဈေးနဲ့ ပင်းမြစ်ကမ်းဘေး နေရာတွေကို လမ်းလျှောက်ပြီး လည်ပတ်နိုင်သေးတယ်။

### လူငယ်တို့ရဲ့ နင်မန်းလမ်း

ချင်းမိုင်ရဲ့ ခေတ်အမီဆုံး နေရာတစ်ခုကို ပြပါဆိုရင် မြို့လယ်က နင်မန်းလမ်း(NINMAN STREET) ဝန်းကျင်ကို ညွှန်ပြနိုင်ပါတယ်။ ဒီနေရာမှာ အလုပ်အကိုင်ရှာဖွေတဲ့ လူငယ်တွေ၊ ပညာရှာဖွေတဲ့ လူငယ်တွေ၊ ကာလရှည်တည်းခိုနေထိုင်တဲ့သူတွေကို အများဆုံးတွေ့နိုင်တယ်လို့ ဆိုပါတယ်။ ဒါ့ပြင် ချင်းမိုင်တက္ကသိုလ်မှာ ပညာရှာနေတဲ့ ဒေသခံလူငယ် အများစုလည်း ဒီနင်မန်းလမ်းဝန်းကျင်မှာ တည်းခိုနေထိုင်ကြတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်က ဦးထွန်းလင်း ခြံလမ်းနဲ့ လှည်းတန်းဈေးဝန်းကျင်ဟာ လူငယ်အများစု သွားလာကျက်စားတဲ့ နေရာဖြစ်သလို နင်မန်းလမ်းဟာလည်း ချင်းမိုင်ရဲ့ လူငယ်အများစု ကျက်စားမွေ့လျော်တဲ့နေရာလို့ ဆိုနိုင်ပါတယ်။ ဒီနေရာမှာ လူငယ်ဆန်တဲ့အဝတ်အစားနဲ့ အသုံးအဆောင်တွေ၊ ဖန်စီပစ္စည်းအရောင်းဆိုင်တွေ၊ ရိုးရာအစားအသောက်နဲ့ ကော်ဖီဆိုင်တွေကို တွေ့နိုင်ပါတယ်။ ဒီဧရိယာမှာ ဟိုတယ်တွေအပြင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလို အခန်း(APARTMENT) တွေငှားပြီး နေကြတာမျိုးလည်း ရှိတယ်လို့ သိရပါတယ်။ အများစုကတော့ ခေတ်မီပြီး သက်သောင့်သက်သာရှိတဲ့ အထောက်အပံ့ပစ္စည်းနဲ့ အခန်းဖွဲ့စည်းပုံကောင်းတဲ့ ခေတ်မီဟိုတယ်တွေလို့ ဆိုပါတယ်။ ဒီနင်မန်းလမ်းကနေ လမ်းလျှောက်သွားလို့ရနိုင်တဲ့ ဧရိယာထဲမှာ မာယာ(MAYA) ကုန်တိုက်ရှိနေသလို စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ ရှိနေပါတယ်။ ဒီဆိုင်တွေထဲက အချို့ဟာ ညဉ့်နက်တဲ့အထိ ဖွင့်တာမို့ ချင်းမိုင်ညချမ်းမှာ အေးအေးလူလူ စီးမျောချင်သူတွေအတွက် နှစ်လိုဖွယ်နေရာတစ်ခုလို့ ဆိုပါရစေ။

ကျွန်တော်တို့ရဲ့ ခရီးစဉ်ကို ဦးဆောင်တဲ့ အိပ်မက်ခရီး(Dream Journey)ခရီးသွားကုမ္ပဏီက ကျွန်တော်တို့အဖွဲ့ကို ချင်းမိုင်မြို့လယ်ရှိ အထင်ကရကုန်တိုက်ကြီး Central Festival ကို ဈေးဝယ်ဖို့နဲ့ လေ့လာရေးအတွက် ပို့ပေးခဲ့တယ်။ အဲဒီနေ့ဟာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲဖြစ်တယ်။ ဒီအကြောင်းကို နောက်ဆောင်းပါးမှာ ရေးပါမယ်။

❖ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်…

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။

# ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၆ (A)× ၁၁၀ လမ်းထောင့်တွင် အောင်မြင့်မောင်းနှင်ပြီး ဝင်းမြင့်လိုက်ပါလာသော TOYOTA LAND CRUISER မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို(၄င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀၀)ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၆ နာရီခွဲတွင် ၄င်းတို့ နှစ်ဦး နေထိုင်သည့် အမရပူရမြို့နယ် "၀၀"(၂)ရပ်ကွက်ရှိ နေအိမ်မှ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို(၄င်းဒေသတန်ဖိုးငွေကျပ် ၂၄၇၅သိန်း)ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူ ၁၄ ဒသမ ၃ ကီလို(၄င်းဒေသတန်ဖိုးငွေကျပ် ၃၅၇၅ သိန်း)ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို ဖယ်ခုံမြို့နယ်နေ ကျော်ဦး(ဖမ်းဆီးရန်ကျန်)မှ မန္တလေးသို့ ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ အောင်မြင့်နှင့် ဝင်းမြင့်တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

## ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီက ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၄ မိနစ်နှင့် ၃၇ မိနစ်တွင် အောင်သီဟ၊ ပွဲချိန်(၄၅+၂) မိနစ်တွင် ပြည့်ဖြိုးဇော်(OG)တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဒဂုံစတား ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ရန်နိုင်ဦး(ကျောနံပါတ် ၇၀)က ဆွတ်ခူးရရှိခဲ့သည်။

ဒဂုံစတား ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ပွဲ ကစားအပြီးတွင် ရမှတ် ၁၅မှတ်ဖြင့် အဆင့် (၄)နေရာတွင် ရပ်တည်လျက်ရှိသည်။ (NGB)





## အာဖရိကနိုင်ငံများဖလား အုပ်စုအဆင့်ပွဲစဉ်တွင် ကင်မရွန်းအသင်းက ဂါဘွန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဒီဇင်ဘာ ၂၅**

အာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(F)အဖွင့်ပွဲစဉ်တွင် ကင်မရွန်းအသင်းနှင့် ဂါဘွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကင်မရွန်းအသင်းက ဂါဘွန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကင်မရွန်းအသင်းသည် ယခုပွဲစဉ်တွင် ကစားသမားအစုံအလင်ဖြင့် ဂါဘွန်အသင်းအား ရင်ဆိုင်လာခဲ့သည်။ ကင်မရွန်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆မိနစ်တွင် အီယောင်က သွင်းယူပေးခဲ့သည်။

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(F) တွင် ဂါဘွန်၊ အိုင်ဗရီကို့စ်၊ မိုဇမ်ဘစ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(F) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၂၉ ရက်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)